59 ၅၉။ သို့သော်ကမ္ဘာဦးကျမ်း - ၂ တွင် သူက လူကိုဖန်ဆင်းသောအခါ မိန့်တော်မူပါသည်။ ‘ ငါက ယာဟု ၊ ဂျူဗာဟူး ၊ ယာဟူဝါ ၊ ယေဟောဝါဖြစ်ပါသည်။ ’ ဘာအဓိပ္ပါယ်ဖြစ်ပါသလဲ ? ‘ ငါသည်တစ်ပါး တည်းသော အားလုံးမရှိမီရှိ်သော ဘုရားဖြစ်၍ ငါ့ကိုယ်ငါ တစ်စုံတစ်ခုကိုဖန်းဆင်းပြီး ငါကိုယ်တိုင် ငါ၏ သား ဖြစ်လာပါသည်။ ( သို့ ) ယာယီ ( သို့ )အပျော်သဘော။ ငါ၏ ငါ့ကလေးပင် ဖြစ်ပါသည်။ ’ဘုန်း ကြီးပါစေ ! ဘာကြောင့်လဲ ?သူက လူကို ........ ယေဟောဝါ၏အဓိပ္ပါယ်မှာ ကိုယ်တော်က လူသားကို အပျော်ဘုရား ဖြစ်စေပါသည်။ သူက ခမည်းတော်ဘုရားဖြစ်သောကြောင့် လူသားကို အပျော်ဘုရား ဖြစ် စေပါသည်။ သူက ဆက်လက်၍ တည်ရှိတော့မည်မဟုတ်ပါ။ သူ၏မိသားစုနှင့် သူက ရှိနေမည်။ အီလ္လာ ၊ အီလ္လာ ၊ အီလိုဟင်မ် ဖြစ်ပါသည်။ယခုအခါမှာ ကိ်ုယ်တော်က ယေဟောဝါ ဖြစ်သည်။ ယေဟောဝါ၏ အဓိပ္ပာယ်မှာ ‘ သူ၏မိသားစုနှင့် အတူရှိသူ ’ ဖြစ်ပါသည်။ ဘုရားက လူကိုဖန်ဆင်းသောအခါတစ်ကမ္ဘာ လုံးကို အုပ်စိုးစေပါသည်။ သူ့မှာ အုပ်ချုပ်ပိုင်ခွင့်ရှိသည်။ကမ္ဘာမြေကြီးက လူသား၏ အုပ်စိုးရာ ဖြစ်ပါ သည်။ အဲ့ဒါကျမ်းစာ ဟုတ်ပါသလား ? ကိုယ်တော်ရဲ့ အုပ်စိုးရာဖြစ်ပါက သူကမြေကြီးပေါ်မှာ ဘုရားဖြစ် ပါသည်။ သူပြောနိုင်၍ ဖြစ်လည်း ဖြစ်လာပါမည်။ သူက ဒါကိုပြောနိုင်ပါသည်။ ထိုအတိုင်း ဖြစ်လာပါ မည်။ ကိုယ်တော် ဟိုမှာ ရှိပါတယ်။ ဘုရားသခင်ယေဟောဝါဖြစ်၍ မိမိဘာသာ ရှိနေသော ဘုရားဖြစ်ပြီး ၊ သို့သော် လူမိသားစုနှင့်အတူသူရှိနေသည်။ သူ့ကလေးများသည် သူနှင့်အတူ ရှိနေပါသည်။

60 ၆၀။ အဲဒါကိုဖတ်ပါ။ ဗုဒ္ဓဟူးညမှာ ကျွန်တော်တို့ ဖတ်ကြပါမည်။ အချိန်ပိုရပါက ဖတ်ပါမည် ...... ဆယ့် ငါးမိနစ်ထက်ပြီး အချိန်ရပါတယ်။ ကျွန်တော်တို့ ....... ဒီနေရာမှာ ကျွန်တော်တို့ ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်နှင့် တံဆိပ်ခတ်ခြင်းသို့ မရောက်ပါ။ ကောင်းပါပြီ။

61 ၆၁။ ဘုရားအစေခံကျွန်များဟု ဘယ်အချိန်မှာ ကျွန်တော်တို့ ခေါ်ဆိုခြင်း ခံရပါမည်နည်း ? Orman Neville ဘယ်အချိန်မှာဘုရားအစေခံ ကျွန်အဖြစ်ခေါ်ခြင်း ခံရပါသလဲ ?အို ! ဖြစ်ရလေ ! ကျွန်တော် အ ရမ်းထိခိုက် ခံစားရပါတယ်။ ကျွန်တော် ပြောပြပါမယ်။ကျမ်းချက်အချို့ ဖတ်ကြပါစို့။ ၁ပေ - ၁ : ၂၀ ကို ဖတ်စေလိုပါတယ်။ ပတ်က ဗျာ - ၁၇ : ၈ကို ဖတ်ပါ။ ကျွန်တော်က ဗျာ - ၁၃ ကို ဖတ်ပါမယ်။ ကျွန်တော် တို့ နားထောင်လိုပါတယ်။သင်က ဘုရား သင့်ကို ခရစ်ယာန်အဖြစ် ခေါ်သည့်အချိန်ကို သိလိုပါသည်။ အို ၊ ဒါကို ကျွန်တော်ချစ်ပါတယ်။ ဒါက ‘ လူသည်မုန့်အားဖြင့်သာ အသက်မွေးသည်မဟုတ်။ ဘုရားသခင် နှုတ်ကပတ်တော်တည်းဟူသောနှုတ်ထွက်စကားလုံးတိုင်းအားဖြင့် အသက်ရှင်ပါသည်။ ’ ကောင်းပြီ။ ညီ အစ်ကို နတ်ဗီးလ် ၁ပေ - ၁ : ၂၀ ကို သင်ရပြီလား ? ၁ : ၁၉ နှင့် ၁ : ၂၀ကို ဖတ်ပါ။ ဒါကို နားထောင်ပါ။ ဟုတ်ကဲ့။

ခရစ်တော်၏ အသွေးတော်အားဖြင့်အပြစ်အနာအဆာ ကင်းမဲ့၍ အခက်တစ်ပေါက်မှ မရှိသော သိုးသူငယ် ဖြစ်ပါသည်။

ကြိုတင်ဘိသိတ်ပေး၍ ကမ္ဘာမြေကြီးမတည်ရှိမီကပင် ခွဲခန့်မှတ်သားခြင်းကိုခံရ၍ သင့်ကို နောက် ဆုံးသောကာလမှာဖော်ပြပါသည်။

62 ၆၂။ သူ့ကိုဘယ်အချိန်မှာ ကြိုတင်ဘိသိတ် ပေးထားပါသလဲ ?ကမ္ဘာမြေကြီး မတည်မရှိမီကပင် ဖြစ်ပါသည်။ ညီအစ်ကို ပတ် ဗျာဒိတ် - ၁၇ : ၈ ကိုကျွန်တော့်အတွက် ဖတ်ပေးပါ။ ဗျာဒိတ် - ၁၇ : ၈ ကို ရေး ပါ။

မည်သူက လှည့်ဖျားခြင်း ခံရပါမည်နည်း ? ရောလုကဲ့သို့ မည်သူက ဘာသာရေးပုဂ္ဂိုလ်၏ လှည့်ဖျားခြင်း ခံရပါမည်နည်း ? အလွန်ယုတ်မာကောက်ကျစ် ဘာကိုလှည့်ဖျားပါမည်နည်း ? အလွန် ....... [ ပရိသတ်က ဖြေပါသည်။ ‘ ရွေးချယ်ထားခြင်း ခံရသူများ ’ ] အကယ်၍ ....... [ ‘ ဖြစ်နိုင်လျှင် ’ ] အကယ်၍ ဖြစ်နိုင်လျှင်ဟု ဆိုပါသည်။ ကောင်းပါပြီ။ ဗျာဒိတ် - ၁၃ : ၈ ကိုဖတ်ပြပါရစေ။

ကွပ်မျက်သော သိုးသူငယ်၏ အသက်စာစောင်၌ကမ္ဘာဦးကပင် စာရင်းမဝင်သော မြေကြီးသား အပေါင်းတို့သည် သားရဲကို ကိုးကွယ်ကြ၏။ ( ဗျာ- ၁၃ : ၈ )

63 ၆၃။ ဘယ်အချိန်မှာသိုးသူငယ်၏ အသက်စာစောင်ထဲသို့ ကျွန်ုပ်တို့၏ အမည်များ ထည့်သွင်းခံရပါ သနည်း ? ကမ္ဘာဦးမစမီကတည်းက သိုးသူငယ်အသတ်ခံရကတည်းက ဖြစ်ပါသည်။ ဘုရားသခင်က ယေဟောဝါ ၊ ဇေလိ ၊ အလ္လာ ၊ အီကိုဟင်မ် မိမိဘာသာဖြစ်တည်သော အချိန်ကတည်းက ဖြစ်ပါသည်။ ကြီးမားသော စိန်တုံးကြီးကဲ့သို့ ကိုယ်တော်ကဘာမှထပ်မဖြစ်တော့ပါ။ သို့သော် ဤစိန်တုံးကြီးထဲမှာ သူ ၏ သဘောသဘာဝမှာ ကယ်တင်ရှင်ဖြစ်ပါသည်။ သူ့အထဲမှာ အနာရောဂါငြိမ်းခြင်း ရှိပါသည်။ ကယ်စ ရာ ဘာမှမရှိပါ။ အနာရောဂါငြိမ်းစရာလည်း ဘာမှမရှိပါ။ သို့သော် သူ၏သဘော သဘာဝက ထုတ်လုပ် ပေးပါသည်။ ကမ္ဘာကြီးမစတင်မီကပင် သူက သူ့ကိုယ်သူ ဖော်ပြရမည့်အရာကို သိပါသည်။ သူက ကယ် တင်ရှင်ဖြစ်ရပါမည်။ သူလာ၍ လူ့ဇာတိခံယူပြီး ကျွန်ုပ်တို့နှင့်အတူ ကျိန်းဝပ်တော်မူ၍သူ၏ ဒဏ်ချက်ရာ များအားဖြင့် ကျွန်တော်တို့ အနာငြိမ်းမည့်အကြောင်း သူသိပါသည်။ကမ္ဘာကြီး မစတင်မီကပင် သိုးသူငယ်ကို သူ၏စာစောင်ထဲမှာ အသေသတ်ပြီး သင့်အမည်ကိုကမ္ဘာကြီး မစတင်မီကပင် ရေးသားထား ခဲ့ပါသည်။

64 ၆၄။ ဒါကိုနားထောင်ပါ! ကြိုတင်ခွဲခန့် မှတ်သားခြင်းက ကြိုတင်သိမြင်ခြင်းကို ပြန်လှည့်ကြည့်ပါသည် _ ကျွန်တော် ဆိုလိုတာကရွေးချယ်ခြင်းဖြစ်သည်။ electionက ကြိုတင်သိမြင်ခြင်းကို ပြန်လှည့်ကြည့် သည်။ Predectination က dating ဖြစ်ကို ဖြစ်လာမည်ကို ကြည့်သည်။ ဒါကိုမမေ့ပါနဲ့။ဒီမှာရွေးချယ်ခြင်း က ဘာကိုပြန်လှည့် ကြည့်မည်နည်း။ ဒီမှာပါ။ ကျွန်တော်ကနောက်ပိုးဆီးပါ။ ကျွန်တော် အပြစ်ထဲမှာ မွေး ဖွားလာပါတယ်။ ဒုစရိုက်တွင်ပုံဖော်လာပါသည်။ လောကကြီးကိုလာပြီး လိမ်ညာပြောသည်။ အပြစ်သား များကြားမှာဖွားမြင်သည်။ ဖခင် ၊ မိခင်နှင့် မိသားစုအားလုံး အပြစ်သားများ ဖြစ်ကြသည်။ကျွန်တော်က နောက်ပိုးဆီးပါ။ သို့သော် ရုတ်တရက် ကျွန်တော် ဂျုံစေ့ဖြစ်လာသည်။ဘယ်လိုဖြစ်လာပါသလဲ? အဲ့ဒါပါပဲမဟုတ်လား ? ရွေးချယ်ခြင်းဖြစ်ပါသည်။ ဘုရားသခင်က ကမ္ဘာဦးမစမီကပင် နောက်ပိုးဆီးကို ရွေးချယ် ၍ ဂျုံစေ့ဖြစ်လာစေပါသည်။ ယခု ကျွန်တော်သိပါပြီ။ ကျွန်တော်က ဂျုံစေ့ပါ။ အကြောင်းမှာကျွန်တော် ကယ်တင်ခြင်းရလို့ပါ။ သင် ဘယ်လိုလုပ်မှာလဲ ? ပြန်ကြည့်ပြီး မြင်ပါ။ ရှေးကာလကပင်ကိုယ်တော်ရှင် ကြိုတင်ခွဲခန့် မှတ်သားထားပါတယ်။ ကြိုတင်သိမြင်ခြင်းဖြင့် သူကကျွန်တော် သူ့ကိုချစ်မည့်အကြောင်း ကြိုတင်၍ သူကအစားထိုး အသေခံခြင်းကို သူ၏သားတော်အားဖြင့်ကျွန်တော်က နောက်ပိုးဆီးမှ ဂျုံစေ့ ဖြစ်လာပါမည်။ ကျွန်တော် အခု ဘယ်မှာလဲ ? ကျွန်တော် ကယ်တင်ခြင်းရပါပြီ။ ဘုရားကျေးဇူးတော်၌ ကျွန်တော် လျှောက်လှမ်းနေပါတယ်။ Predectination က ဘယ်ကိုကြည့်နေသလဲ? မိမိခရီးဆုံးကိုပါ _ ကိုယ်တော် ကျွန်တော့်ကိုဘယ်ခေါ်သွားမှာလဲ။ ကျွန်တော် ဘယ်ကိုသွားရမှာလဲ ? သင်ရပါပြီ။ သင် ထို နေရာမှာ ရှိပါမယ်။

65 ၆၅။ အနည်းငယ်ဆက်ဖတ်ကြပါစို့။ ပြီးနောက် ကျွန်တော်တို့ အချိန်တိုအတွင်း နိဂုံးချုပ်ကြပါစို့။

သူ၏အဆိုအရ ........ ကမ္ဘာကြီးမဖန်ဆင်းမီ ကျွန်ုပ်တို့ကို ရွေးချယ်၍ကျွန်တော်တို့ သန့်ရှင်းမြင့် မြတ်ပြီး ........ အပြစ်ကင်းစင်လျက်ကိုယ်တော်ရှင်ရှေ့မှာ မေတ္တာနှင့် ဖြစ်ပါသည်။

ကျွန်ုပ်တို့အား ကြိုတင်ခွဲခန့်လျက်ယေရှုခရစ်တော်ကိုယ်တိုင် သားသမီးအဖြစ် မွေးစားပါသည်။ အလိုတော်အတိုင်းကောင်းမွန်စွာဖြင့် ဖြစ်ပါသည်။

ကိုယ်တော် ဘာလုပ်ပါသလဲ ? ကိုယ်တော်က ကြိုသိမြင်ခြင်းအားဖြင့်ကျွန်ုပ်တို့ကို ကြိုတွေ့၍ သူ က ကယ်တင်ရှင်ဖြစ်ကြောင်း သိရပါသည်။မိမိကိုယ်၌ရှိခြင်း _ ကောင်းကင်တမန်များမရှိပါ။ဘာမှမရှိပါ။ ဘုရားသာ ရှိပါသည်။ အလ္လာ ၊ အီလိုဟင်မ် ၊ မိမိဘာသာရှိသောဘုရားဖြစ်ပါသည်။ ဘာမှမရှိပါ။ ကိုယ် တော် တစ်ပါးတည်းသာ ရှိပါသည်။ သို့သော်ကိုယ်တော့်ထဲမှာ ကယ်တင်ရှင် ရှိပါသည်။ ကိုယ်တော် ဘာ ကို ကယ်တင်မှာလဲ ? ဘာမှမပျောက်ဆုံးပါ။ သူ့အထဲမှာရှိသောသဘောထားက တစ်စုံတစ်ရာကို သူ ကယ်တင်နိုင်မည့် စီမံကိန်း ရှိပါသည်။ ထိုအရာဖြစ်လာသောအခါ ကြိုတင်သိမြင်ခြင်းအားဖြင့် သူက ငုံ့ ကြည့်၍ လူတိုင်းကိုတွေ့ပြီးလက်ခံကြပါသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သူက ပြောပါသည်။ ‘ ထိုအရာကို ကယ်တင်ရန်အတွက် ကျွန်တော်လုပ်နိုင်သော တစ်ခုတည်းသောလမ်းမှာ မိမိကိုယ်တိုင် ဆင်းလာပြီး လက်ခံမည့်သူများကိုတွေ့ရခြင်းပင် ဖြစ်ပါသည်။ ထိုသို့လုပ်ခြင်းအားဖြင့် သူက ပြောပါသည်။ ’ ကယ် တင်ရန်အတွက် တစ်ခုတည်းသော ကျွန်တော်လုပ်နိုင်သော နည်းလမ်းမှာ ငါကိုယ်တိုင် ဆင်းလာပြီး လူ့ ဇာတိခံ၍ မိမိကိုယ်ပေါ်မှာ အပြစ်ကိုယူတင်၍အသေခံခြင်း ဖြစ်ပါသည်။ ကျွန်တော်က ပြပ်ဝပ်ကိုးကွယ် သူ ဖြစ်ရပါမည်။ အကြောင်းမှာကိုယ်တော်က ဘုရားဖြစ်၍ ကိုးကွယ်ရန်ဝတ္ထု ဖြစ်ပါသည်။

66 ၆၆။ သူဆင်းသက်လာ၍မိမိကိုယ်ပေါ်မှာ ယူတင်ဝတ်ဆောင်ပါသည်။ သူ ဘာကြောင့် လုပ်ရပါသလဲ။ သူထိုသို့လုပ်ရခြင်းမှာ ကယ်တင်ခြင်းရလိုသူကို ကယ်တင်ရန် ဖြစ်ပါသည်။ ကျွန်တော်ဘာဆိုလို ကြောင်း သိပါသလား ?ကြိုတင်သိနေခြင်းအားဖြင့် ဖြစ်ပါသည်။ အကန့်အသတ်မဲ့ဘုရားက အရာအား လုံးကိုသိပြီးသိုးသူငယ်ကို တွေ့ပါသည်။ ကိ ုယ်တော်က သိုးသူငယ်ကို ကမ္ဘာဦးမစမီကပင် အသေခံစေပါသည်။ သင်၏အမည်ကို သိုးသူငယ်၏ အသက်စာစောင်ထဲမှာ ထည့်ပါသည်။ စာတန်၏ လှည့်ဖျားမှုကို သူတွေ့ပါသည်။ သူဘာလုပ်မည်ကို သိပါသည်။ သူက သင့်အမည်ကို ထိုအထဲမှာထည့်ပါသည်။ အန္တိ ခရစ်က သိပ်ဘာသာတရား ကိုင်းရှိုင်းပြီး ၊ သိပ်ကောင်းပါသည်။အလွန်တော် ၊ အလွန်တတ်သော ပုဂ္ဂိုလ် ဖြစ်၍ ထိုသို့သော ဘာသာရေးသမားမျိုးဖြစ်၍ သူကဖြစ်နိုင်လျှင် ရွေးချယ်ထားသော သူများကိုပင်လျှင် လှည့်ဖျားသွားပါမည်။ သို့သော်မဖြစ်နိုင်ပါ။ အကြောင်းမှာ သူတို့ အမည်များကို ကမ္ဘာဦးအစကပင်

ကြိုတင်ဘိသိတ်ပေးထားပြီး ဖြစ်သည်။ ရွေးချယ်ခြင်းအားဖြင့် သူတို့ကို ရွေးချယ်ပါသည်။ကြိုတင်ခွဲခန့် မှတ် သားခြင်းအားဖြင့် သူတို့ ဘယ်သွားမည်ကို သူတို့ သိပါသည်။

67 ၆၇။ မည်သူသံသယ ဖြစ်နိုင်ပါသလဲ ? ပေါလုပြောပါသည်။ ပေါလု၏ကျမ်းချက် ဖြစ်ပါသည်။ ပေါလု ရေးသားထားခြင်း ဖြစ်ပါသည်။ အသင်းတော်ကို သူသင်ပြခြင်းပင် ဖြစ်ပါသည်။ _အသင်းတော်က ကမ္ဘာ မစမီကပင် နေရာချထားခြင်း ခံရပါသည်။ ဘုရားက သူ၏မိးဖွားရန်နာကျင်ပြီး သင့်ကို မွေးဖွားပါသည်။ သင ဘာလုပ်မည်ကို သိပါသည်။ သူ၏ကိုယ်ခန္ဓာထဲသို့သင့်ကို နေရာတကျ ထားပါသည်။ ဇနီးသည်အ ဖြစ် ၊ လယ်သမားအဖြစ် ၊ တရားဟောဆရာအဖြစ် ၊ပရောဖက်အဖြစ် ၊ ဒါအဖြစ် ( သို့ ) ဟိုဟာအဖြစ် သင့်ကို နေရာတကျ ထားပါသည်။

ကျွန်တော်တို့ အီဂျစ်နိုင်ငံ၏ကြက်သွန်ဖြူ နယ်မြေထဲမှလာပြီး သန့်ရှင်းစင်ကြယ်စေခြင်းနှင့် ဗတ္တိဇံကိုဂုဏ်ထားတော်မူရာမြေမှာ ပြုလုပ်ပါသည် ....... ဘုရားသခင်၏ ဂုဏ်တော်မှာ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်ပါ သည်။ ဧဖက် - ၄ : ၃၀ က ဆိုပါသည်။ ‘ သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေနှင့်။ သင့်အားကယ်တင်ခြင်း နေ့ရက်တိုင်အောင် တံဆိပ်ခတ်ထားတော်မူသည်။ ’ ဘုရားက အသင်းတော်ကို ကြိုတင်ခွဲခန့်မှတ်သားတော်မူသည်။ သူက ပြောပါသည် ....... လူတွေအားလုံး သန်းပေါင်း အဆပေါင်းများစွာ လျှောက်လှမ်း၍ အလွန်ဘာသာတရား ကိုင်းရှိုင်းကြပြီး လှည့်ဖျားခံကြ ရပါသည်။လှည့်ဖျားခြင်း မခံရသူများသာလျှင် ဂုဏ်ထားတော်မူရာပြည်ထဲ ဝင်ရပါသည်။ ကမ္ဘာကြီးမစတင်မီကပင် သိုးသူငယ်၏ အသက်စာစောင်မှာ စာရင်းဝင်၍ လည်းကောင်းတို့ အမည်များကိုရေးမှတ်ခြင်းခံရပြီး ဂုဏ်ထားတော်မူရာ ပြည်ကို ဖြတ်ကျော်လာ ရပါသည်။ ပျော်ရွှင်စွာခံစားကြရပါသည်။

68 ၆၈။ လူများစွာကသင့်အပြုအမူ ရယ်စရာဖြစ်မည်ကို စိုးရိမ်နေကြသည်။ များစွာသောသူများက သန့် ရှင်းသောဝိညာဉ်တော် သင့်အား တစ်စုံတစ်ရာ အရှက်ရစေမည်ဟု ကြောက်ရွံ့နေ ကြပါသည် ........ လူ များ ၊ လူပေါင်းများစွာတို့က သူတို့ ငိုကြမည်ကိုစိုးရိမ်သည်။ သူတို့ ချစ်သူများက သူတို့ ငိုသည်ကို တွေ့ ကြမည်။ ( သို့ )သင့်ပတ်ဝန်းကျင် ( သို့ ) သင့်အလုပ်ရှင်က သင့်ကို တွေ့မည်ကို စိုးရိမ်နေ ကြပါသည်။

သင့်အား လူတစ်ဦးအကြောင်းပြောပြချင်ပါသည်။ ( နိဂုံးမချုပ်မီ ) ဒါဝိဒ်အမည်ရှိသော လူတစ်ဦး ရှိပါသည်။ဘုရားသခင်၏ ပဋိညာဉ်သေတ္တာကို ပါလက်စတိုင်း ပြည်နယ်မှာ ချသောအခါ ဖြတ်ကျော်လာ ၍ပဋိညာဉ်သေတ္တာက ဆွဲသွားပါသည်။ _နွားအိုကြီးက သူတို့ကို ဆွဲသွားပါသည်။ ဒါဝိဒ်က ထိုပဋိညာဉ် သေတ္တာ လာနေသည်ကိုတွေ့ရသောအခါ ( သူ့မှာဝတ်စုံ ဝတ်ထားပါသည်။ ) သူပြေးထွက်သွားပါသည်။ လေထဲမှာသူ၏ခြေထောက်ကို သူကမြှောက်၍ ပတ်ပတ်လည် ခုန်နေပြီး အော်၍ခုန်သည်။ ကသည်။ က ခုန်သည်။သူက ဣသရေလဘုရင်ဖြစ်ပြီး သူ၏ဇနီးက ပြတင်းပေါက်မှကြည့်ပြီး သူ၏အပြုအမူ ထူးခြားသည်ကို တွေ့ရသည်။ သူမက ပြောပါသည်။ ‘အရှူးပဲ ! ဟိုအပြင်မှာ ကြည့်စမ်း။ သူ့အပြုအမူက ခြေ ထောက်ကို လေထဲထောင်ပြီးခုန်ပေါက်၍နေတယ်။ သူကြောင်သွားပြီနဲ့ တူတယ် ! ’ ထိုည သူပြန်ဝင် လာသောအခါ သူမက ဤစကားလုံးများနှင့်ပြောပါသည်။ ‘ ရှင်ကျွန်မကို အရှက်ခွဲတာပဲ။ ရှင်ကဘုရင် ၊ ကျွန်မရဲ့ခင်ပွန်းက အပြင်မှာ အဲဒီ့လိုပြုမူနေတယ် ! ’

ဒါဝိဒ်က ပြောသည်။ ‘ မနက်ဖြန် ငါ ဒီထက်မကကောင်းအောင်လုပ်မယ်။ ’ ဟုတ်ကဲ့ပါ ၊ဆရာ ! ‘ ငါကိုယ်တော့်အတွက် ကခုန်နေတာ နင်မသိဘူးလား ?’ သူဖြတ်ကျော် သွားပါသည်။ ဂုဏ်ထားတော် မူရာပြည်မှာ ရောက်နေပါသည်။ မိမိ၏ပင်ကိုယ်အမူအရာများနှင့် လောကအပေါ်ယံများအားလုံး ပျောက် သွားပါသည်။ သူ၏မြို့တော်ထဲသို့ပဋိညာဉ်သေတ္တာ ဝင်လာသည်ကို သူ အလွန်ပျော်ရွှင် နေပါသည်။

69 ၆၉။ အို၊ မင်းကို ငါပြောမယ်။ လူအချို့က သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံရန် ကြောက်ကြပါတယ်။ အခြားသော ဘာသာစကား ပြောရမည်ကို ကြောက်ရွံ့ကြသည်။ တစ်စုံတစ်ဦးက ‘ သူကတော့ အခြားသော ဘာသာစကား အဖွဲ့ဝင်ပဲ ’ ဟု ပြောမည်ကို ကြောက်ကြသည်။ သူတို့ကအသင်းတော်ကို လာရန် ၊ ယေရှုနာမ၌ ဗတ္တိဇံခံရန် ကြောက်ကြသည်။ အကြောင်းမှာ သူတို့အဲ့ဒါကို ရှက်လို့ပါပဲ။ အို !

လူတစ်ဦးက ပြောပါသည်။ငါ့ရဲ့တိပ်ခွေတွေကို ငါပြန်ပြီးကြည့်ရမယ်။ ဘာကြောင့်လဲဆိုတော့ ငါ က ယေရှုခရစ်နာမ၌ဗတ္တိဇံခံဖို့ တရားဟောခဲ့ပါတယ်။ သူတို့ကို ငါက ပြန်မှတ်မိတာ မဟုတ်ပါဘူး။ ငါပိုလုပ်တယ် ! မှန်ပါတယ်။ ပိုလုပ်တယ် ! အဲ့ဒါ သမ္မာကျမ်းစာပါပဲ။ မနေ့က ငါတို့လုပ်တာကိုသူတို့မကြိုက် ရင် ကြည့်နေပါ။ မနက်ဖြန် ငါတို့ ဘာလုပ်မလဲ ဆိုတာကြည့်ပါ ! အဲ့ဒါငါလုပ်တဲ့အလုပ်ပဲ။ ဆက်သွားပါ။ အဆုံးမရှိပါ။ အကြောင်းမှာ ကိုယ်တော်ကြောင့်ဖြစ်ပါတယ်။ အဲ့ဒါ ဘုရားပါ။

70 ၇၀။ ဘုရားဘာလုပ်သလဲ သင်သိလား ? ဘုရားကကောင်းကင်ဘုံမှ ငုံ့ကြည့်ပါသည်။ ‘ဒါဝိဒ်မင်းက တော့ ငါ့စိတ်သဘော အတိုင်းဖြစ်တဲ့ လူသားပဲ ’ ဟု ဆိုသည်။ ဒါဝိဒ်က မရှက်ပါ။ သူကကိုယ်တော်၏ အစေခံကျွန် ဖြစ်ပါတယ်။ ကိုယ်တော်ကို သူ သိပါတယ်။ သူက သိပ်ပျော်ပါတယ်။အပျော်လွန် နေပါ တယ်။ လူသားသိက္ခာကို မေ့နေသည့်တိုင် ဖြစ်ရပါတယ်။

ဒီမနက် ကျွန်တော်၏ တရားဟောချက်မှာပြောသကဲ့သို့ ကျွန်တော်တို့ အလွန်ကြောက်ကြပါ သည် .......ကျွန်တော်တို့ကို သွန်သင်ရန် ရှောလုကို လိုလားပါသည်။ ကျမ်းစာကျောင်းမှရှောလုကို ကျွန်တော်တို့အား မည်သို့ ဘာသာရေးလုပ်ရန်နှင့် ဘယ်လိုလုပ်ရန်လိုလားပါသည်။ အဲ့ဒါကတော့ ယော် ဒန်မြစ်ရဲ့ အခြားတစ်ဖက်မှာ ဖြစ်ပါတယ်။ ဒီဖက်မှာသန့်ရှင်းသော ဝိညာဉ်တော် လမ်းပြပါတယ်။ ဟိုဖက်မှာ သင်က ဟိုအပြင်သို့ရောက်သွားပါပြီ။ ဒီဖက်မှာ သူတို့ ဘာစဉ်းစားသလဲ။ သင်က ဂရုမစိုက်ပါ။ ဒီဖက် မှာသင်သေပြီး သင်၏အသက်က ခရစ်တော်၌ ပုန်းကွယ်နေ ရပါသည် .......သန့်ရှင်းသော ဝိညာဉ် တော်အားဖြင့် တံဆိပ်ခတ်ထားပါသည်။ သင်ဂရုမစိုက်ပါ။ သင်ကခါနန်ပြည်မှာ အနေထိုင်ပါသည်။ သင် ပြောင်းဖူးအကောင်းကဲ့သို့ ရပ်တည်နိုင်ပါသည်။ခရစ်တော်ယေရှု၌ သင်က အသစ်သောသတ္တဝါ ဖြစ်ပါပြီ။ သင်က ဂုဏ်ထားတော်မူရာ ပြည်အတွက်ကန့်သတ်ထားပြီး ဖြစ်ပါသည်။

71 ၇၁။ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်က ကျွန်တော် ညီအစ်ကို ကောလင်းကို သတိရပါသည်။ သူ့အ သင်းတော်ပင်မဆောက်ရသေးပါ။

လည်းကောင်းသည် တဲကလေးသာဖြစ်၍ ဒေါင့်တစ်ဒေါင့်မှာထိုင်ပြီးကျွန်တော့်၏ပထမဆုံး အစည်းအဝေး ဖြစ်ပါသည်။ ဤဇဝံဂေလိတရားကိုပင် ကျွန်တော် ဟောပြော၍ မပြောင်းလဲသောအရာ ဖြစ်ပါသည်။ ရှာဖွေ၍ မတွေ့နိုင်သော ခရစ်တော်၏ ချမ်းသာခြင်းများ ၊ယေရှုနာမ ၌ ရေဗတ္တိဇံခံခြင်း ၊ စကားလုံးတိုင်းကို သမ္မာတရားအဖြစ် ယုံကြည်ခြင်း ၊သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံ ၊ အနာရောဂါငြိမ်းခြင်း ၊ ဘုရားတန်ခိုးများ။ ယခုကျွန်တော် ဟောပြောသကဲ့သို့ လည်းကောင်းမှ တစ်လက်မပင် မကွာခြားပါ။ ဘုရားကကျွန်တော့်ကိုပို၍ ဖော်ပြပါသည်။ ကိုယ်တော် ဖော်ပြသကဲ့သို့ ဖြစ် ပါသည်။ကျွန်တော်ကသာ လည်းကောင်းအပေါ်မှာ ယူဆောင်လာခြင်းပင် ဖြစ်ပါသည်။ ကိုယ်တော်ကဖြစ်ခဲ့သည့်အရာမှ ဘယ်တော့မှ ဆောင်ယူမသွားပါ။ သူကဆက်၍ လည်းကောင်းအပေါ်မှာပေါင်းထည့် နေပါသည်။

72 ၇၂။ ကမ်းနားမှာလူပေါင်းငါးရာ ရပ်နေပြီး သီချင်းဆို နေပါသည်။ ‘ ယောဒန်ရဲ့ မုန်တိုင်းကမ်းခြေများ ပေါ်မှာ ကျွန်တော်ရပ်နေပါသည်။ မျှော်လင့်လျက် ခါနန်၏ပွဲတော်နှင့် ပျော်ရွှင်စရာ နယ်မြေကို လှမ်းကြည့်နေ မိပါသည်။ ငါပိုင်ဆိုင်ရာများ ရှိသည့်နေရာ ဖြစ်သည်။ ထိုကျန်းမာစေသောကမ်းခြေသို့ ဘယ် တော့ ငါရောက်မှာလဲ ?ထာဝရ ဘယ်တော့ ကောင်းကြီးခံစားရမှာလဲ ?ငါ့ဖခင်ထံ မည်သည့်အချိန်မှာ ငါ ရောက်မှာလဲ .........ထာဝရနားခို ရပါမည်လဲ ? သူတို့ထိုသို့ သီချင်းဆိုသောအခါ ကျွန်တော်က လူက လေးကို မြစ်ထဲခေါ်သွား၍ ဗတ္တိဇံကိုယေရှုနာမ၌မေးရန် ဖြစ်ပါသည်။ ကျွန်တော်က ပြောပါသည်။ ကောင်းကင်ဘုံရှင်အဖ ဒီလူကလေးကိုသူ၏ဝန်ခံချက်ဖြင့် ဆောင်ယူလာသောအခါ ........ ’ ငါကိုယ်တိုင် လူကလေးဖြစ်ပါသည်။ အိမ်မှာ သူတို့ရုပ်ပုံများ ရှိပါသည်။ ကျွန်တော် ပြောပါသည်။ ‘ သူ့ကို ရေနဲ့ဗတ္တိဇံ ပေးတဲ့အခါမှာကိုယ်တော် သူ၏ဝန်ခံချက်ဖြင့် ဘုရားသားတော် ယေရှုခရစ်တော်ရဲ့နာမ၌ ဖြစ်ပါသည်။ သူ့ကိုသန့်ရှင်းသော ဝိညာဉ်တော်၌ ပြည့်ဝစေပါ။ ’ ထိုအချိန်မှာ တစ်စုံတစ်ရာက လေပွေကဲ့သို့ ရွေ့၍ ဆင်းလာပါသည်။ ထောက်မ၍မိုးသောက်ကြယ်က ထိုနေရာမှာ ရပ်နေသည်။ ထိုအလင်းကို ရုပ်ပုံပေါ်မှာ တွေ့ရပါသည်။ထိုနေရာမှာ ရပ်နေပါသည်။

73 ၇၃။ ကျွန်တော်ကမ္ဘာပတ်၍ သွားပါသည်။ အထက်ပိုင်းကနေဒါ အပေါ်နှင့် ပတ်လည်သွားပါသည်။ သူ တို့ပြောကြပါသည်။ ‘ ထူးဆန်းသောအလင်းကနှစ်ခြင်းအမှုတော်ဆောင်အပေါ် သူဗတ္တိဇံခံနေစဉ် သက် ရောက်ပါသည်။ ’

လွန်ခဲ့သော ရက်အနည်းငယ်က ဒေါက်တာတမ်စာကျွန်တော့်ထံလာသောအခါ ထိုအကြောင်းကို ဘာမှမသိပါ။ ကျွန်တော်တို့ ရုပ်ပုံယူလာပါသည်။ထိုနေရာမှာ ညီအစ်ကို တစ်ဦးက ရထားပါသည်။ ထိုပုံ ကို သင်ရပါသလား ? သင်နှင့်အတူ ကျမ်းစာရှိပါသလား ? သင့်စာအုပ်ထဲမှာ ရှိပါသလား ? ကောင်းပါပြီ။ ရှေးဟောင်းဟေဗြဲဘုရား၏လက္ခဏာ ရှိပါသည်။ ယောဘ ခေတ်ကာလကအတိုင်း ဖြစ်သည်။ သမ္မာ ကျမ်းစာမရေးသားမီကပင် ဖြစ်ပါသည်။ ဘုရားသခင်က သူ၏အနေအထား သုံးမျိုးနှင့် ဖြစ်ပါသည်။ဘုရားသုံးပါး မဟုတ်ပါ။ ဘုရားတစ်ပါးဖြစ်၍ အနေအထားသုံးမျိုး ဖြစ်ပါသည် _ ခမည်းတော် ၊ သားတော် နှင့် သန့်ရှင်းသောဝိညာဉ်တော် အမှုတော်ဆောင်ခြင်း သုံးမျိုးဖြစ်၍ ဘုရားက ထိုအထဲသို့ လုပ်ဆောင်ပါ သည်။ဘုရားသုံးပါး မဟုတ်ပါ။ အနေအထားသုံးမျိုး ဖြစ်ပါသည်။ ထိုသို့ပဲ ဖြစ်ပါသည်။

74 ၇၄။ ထိုလူကြီးDr.Lamea က Lamsa ကျမ်းစာဘာသာပြန်ခြင်းကထိုမနက်က ပြောပါသည် ....... ကျွန်တော်က ပြောသောအခါ ‘ အဲ့ဒါ ဘာနိမိတ်လက္ခဏာလဲ ? ’

သူက ဖြေပါတယ်။ ‘ အဲ့ဒါက ဘုရား၏ရှေးဟောင်းနိမိတ်လက္ခဏာဖြစ်၍ ဟေဗြဲတွင် ဖြစ်ပါသည်။ ဘုရားဖြစ်သည်။ တစ်ပါးတည်းသောဘုရားကအနေအထားသုံးမျိုးဖြင့် ဖြစ်ပါသည်။ ’

ကျွန်တော်က ပြောပါသည်။ ‘ ခမည်းတော် ၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော် ဖြစ်ပါ သည်။ ’

သူက ရပ်လိုက်ပြီး ကော်ဖီတစ်ခွက်ချလိုက်ပါသည်။ သူက ကျွန်တော့်ကို ကြည့်လိုက်သည်။ ( ဂျီး နဲကလီယိုထိုနေရာမှာရှိကြောင်း ယုံကြည်ပါသည်။ ) ပြောပါသည်။ ‘ ဒါကို သင် ယုံကြည်ပါသလား ? ’ ကျွန်တော်က ‘စိတ်နှလုံး အကြွင်းမဲ့ ယုံကြည်ပါတယ် ’ဟု ပြောပါသည်။

သူက ပြောပါသည်။ ‘ ယမန်နေ့ညက သင်၏စည်းဝေးပွဲမှာ ရပ်နေစဉ်ညီအစ်ကို ဘရာဟမ် ထို ပိုင်းခြားနားလည်ခြင်းကို ကျွန်တော် တွေ့ရပါသည်။အမေရိကန်နိုင်ငံမှာ တစ်ခါမှ ကျွန်တော် မတွေ့ခဲ့ဘူး ပါ။ ကျွန်တော်၏ နယ်မြေမှာပါ။သူက ပြောပါသည်။ ’ ဒီအမေရိကန်တွေကကျမ်းစာကိုတောင် မသိပါ ဘူး။ သူတို့သိသော တစ်ခုတည်းသောအခါမှာ သူတို့ ဂိုဏ်းဂဏပဲဖြစ်ပါတယ်။ သူတို့ ဘယ်နေရာမှာ ရပ် နေကြောင်းပင် သူတို့ မသိကြပါ။ သူတို့ဘာမှမသိကြပါ။ သို့သော် ထိုနေရာမှာ ကျွန်တော် ရပ်နေစဉ်မှာ မနေ့ညက ကျွန်တော်ပြောပါသည် ........ [ ညီအစ်ကို ဂျီးန် ၊ကျွန်တော် လေးစားစွာဖြင့် ပြောပါသည်။ မေတ္တာနှင့် ထိုသို့ပြောပါသည်။ ] ပရောဖက်ဖြစ်ရပါမယ်။ သင်တို့ ခမည်းတော် ၊ သားတော်နှင့် သန့်ရှင်း သော ဝိညာဉ်တော်ကိုလက်ခံကြောင်း ကျွန်တော် တွေ့သောအခါမှာ လည်းကောင်းအရာမှာ လက္ခဏာ များသာ ဖြစ်ပါသည်။သင်က ဘုရားသခင်၏ ပရောဖက်ဖြစ်ကြောင်း ကျွန်တော် သိရပါသည်။ သို့မဟုတ် ပါက ထိုအရာကိုထိုသို့ သင့်အားဖော်ပြမည် မဟုတ်ပါ။ ပြည့်စုံသောလက္ခဏာ ဖြစ်ပါသည်။ ကျွန်တော်တစ်စုံတစ်ရာမှာ မတွေ့ရပါ ....... သင်တို့ကတစ်ပါးတစ်သူသမားများ မဟုတ်ကြပါ ?

75 ၇၅။ ကျွန်တော်ကပြောပါသည်။ ‘ မဟုတ်ဘူး ၊ဆရာ။ ကျွန်တော်က တစ်ပါးတစ်သူ မဟုတ်ပါ။ ဘုရားသခင်က ကြီးမြတ်တော်မူကြောင်း ကျွန်တော်ယုံကြည်ပါသည်။ လက္ခဏာသုံးမျိုးမှာ အမှုတော် ဆောင်ခြင်း သုံးမျိုးဖြစ်၍ဘုရားတစ်ဆူတည်း ကျိန်းဝပ်ခြင်းဖြစ်သည်။ ’

သူက ပြောပါသည်။ ‘ သင့်စိတ်နှလုံးကိုဘုရားကောင်းကြီးပေးပါစေ ! တစ်နေ့သောအခါမှာ သင် က သင်၏အသွေးကို ထိုအတွက်မြေကြီးပေါ်မှာ သွန်းလောင်းရပါမည်။ သို့သော် ပရောဖက်များက အမြဲ တမ်းထိုအကြောင်းကြောင့် သေရပါသည်။ ’

ကျွန်တော်က ပြောပါသည်။ ' ရှိပါစေတော့။ ကျွန်ုပ် သခင်ကိုနှစ်သက်စေတော်မူပါက ရှိပါစေ တော့။ ' Lamsa ကျမ်းစာကို ဘာသာပြန်ခြင်း ဖြစ်ပါသည်။

76 ၇၆။ အို၊ အဲ့ဒါ အမှန်ပါပဲ။ ဒီအသင်းတော်ကို ကျွန်တော် ဘယ်နှစ်ခါပြောရမှာလဲ။ ရှောလုကိုမရွေး ချယ်မီ ရှမွေလက ပြောသကဲ့သို့ ဖြစ်သည် .......သင်ထွက်မသွားမီ ဂိုဏ်းဂဏတစ်ခုခုနှင့် ပူးပေါင်း၍ သင့် ကိုယ်သင် ဘာသာရေးအမျိုးမျိုးမှာ ပေါင်းစပ်လိုက်ပါ။ ဘာကြောင့် သန့်ရှင်းသော ဝိညာဉ်တော် သင့်ကိုလမ်းပြရမည်နည်း ? ဘုရားကိုဘာကြောင့် သင့်ရဲ့ခေါင်းဆောင်အဖြစ် ဘာကြောင့် လက်မခံတာလဲ ? ကိုယ်တော် သင့်ကို ကောင်းကြီးပေးပါစေ။သင့်ရဲ့ဂိုဏ်းဂဏကို မေ့ပစ်လိုက်ပါ။ ယခု ကျွန်တော် ပြောနေ သည်မှာ ဘယ်ဂိုဏ်းဂဏမှာမှမပါပါစေနှင့်။ သင်လိုလားသော မည်သူကိုမဆို သင်နှင့်ဆိုင်ပါသည်။ အဲ့ဒါသင်နှင့်ဆိုင်ပါသည်။ သို့သော် သင့်ကို ကျွန်တော် ပြောပါမည်။ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနှင့် သန့်ရှင်း သော ဝိညာဉ်တော် သင့်ကို လမ်းပြပါစေ။ သင်ကျမ်းစာဖတ်ပါသည်။သမ္မာကျမ်းစာ ဆိုသည့်အတိုင်း သင်လုပ်ပါ။ ဘုရားကောင်းကြီးပေးပါစေ။

77 ၇၇။ ကျွန်တော်အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ ရပါသည်။ ဆုတောင်းခံရန်အတွက် တစ်စုံတစ်ဦးရှိကျွန်တော် သိလိုပါသည်။ ရှိပါက လက်များကို ထောင်ပြပါ။ တစ် ၊ နှစ် ၊ သုံး စသည်ဖြင့်ဖြစ်ပါသည်။ ကောင်းပါပြီ။ သင်တို့အားလုံး ဒီကိုတတ်လာ၍ ဒီမှာရပ်ပါ။ ရပ်လိုက ရပ်နိုင်ပါသည်။ဒီအချိန်မှာ ကျွန် တော်တို့ ဆုတောင်းကြပါမည်။ လည်းကောင်းနောက် ကျွန်တော်တို့ ........ သင့်ကို ကျွန်တော် ပစ်မထား စေချင်ပါ။ တရားဝင်တစ်စုံတစ်ခုလုပ်ပြီး ကျွန်တော်တို့ နိဂုံးမချုပ်မီ တစ်စုံတစ်ရာ လုပ်စေချင်ပါသည်။

78 ၇၈။ ဂလာတိသြဝါဒစာကိုဘယ်နှစ်ဦးလေ့လာခဲ့ပါပြီလဲ ? အို ၊ဇေက်မြို့သားများကို ကျွန်တော် ဆိုလို ပါတယ်။ ဗုဒ္ဓဟူးညမှာ ကျွန်တော်တို့တံဆိပ်များကို လေ့လာပါမယ်။ နောက်တနင်္ဂနွေ မနက်မှာ ကျွန် တော်တို့ အသင်းတော်ကိုနေရာတကျ ချပါမယ်။ အို ၊ ကျွန်တော်တို့ လာမဲ့ဗုဒ္ဓဟူးနေ့မှာ ထိုအကြောင်း ပြောပါမယ်။သင်တို့အတွက် ဒီထဲမှာရှိတဲ့ 'ဂျက်ဖ် ' အတွက်ပါ။နေရာတကျ အသင်းတော်ကို သူရှိတဲ့ နေရာမှာ ထားရပါမယ်။ တစ်ဦးစီပါ - မွေးစားခြင်းဟုကျွန်တော်တို့ အခေါ်ခံရပါတယ်။ ဘုရားက ကျွန် တော်တို့ကို မွေးစားပါတယ်။ မွေးလာကတည်းက ကျွန်တော်တို့က သားများပါ။ မွေးစားခြင်းခံရပြီး နေရာ တကျသန့်ရှင်းသော ဝိညာဉ်တော်က ချပေးပါတယ်။ ကြည့်ပါ ! သူတို့မြစ်ကို ဖြတ်ကူးသောအခါအားလုံး က ဟေဗြဲများပါ။ သို့သော် ယောရှုက နယ်မြေကို ခွဲဝေ၍ တစ်ဦးဆီကိုသူ၏နယ်မြေကိုပေးပြီး မိခင်က မွေးကတည်းက ပြောသည့်အတိုင်း လုပ်ပါသည်။ မိခင်ကိုလည်းသန့်ရှင်းသော ဝိညာဉ်တော်က ဖော်ပြ ပါသည်။

79 ၇၉။ ယာကုပ်ကိုကြည့်ပါ။ သေခါနီး မျက်စိမမြင်ရပါ။ ခြေထောက်ကို အိပ်ရာပေါ်တင်ပြီး ပြောသည်။ ' ထွက်လာခဲ့ပါ။ ယာကုပ်၏သားများ ၊သင်နောက်ဆုံးနေ့မှာ ဘယ်မှာရှိမလဲဆိုတာ ငါပြောပြမယ်။ ' ဘုန်း ကြီးပါစေ ! အို ၊ ကျွန်တော်ထူးဆန်းနေသယောင် ဖြစ်တာကို ကျွန်တော် သိပါတယ်။ လူတွေလည်း ထူး ဆန်းပုံပေါ်ပါတယ်။သို့သော် အို ၊ အကယ်၍ သင်ကသာ စိတ်ချမှုကိုသိပါက နှလုံးသားထဲမှာ တောက်လောင်နေပါမယ်။ ' ထွက်လာပါ။နောက်ဆုံးနေ့မှာ သင် ဘယ်မှာရှိမလဲဆိုတာ ကျွန်တော် ပြောပြပါမယ်။ ' ကျွန်တော်က ထိုကျမ်းချက်ကိုသာယူ၍ယုဒများ ဒီကနေ့ ဘယ်နေရာမှာ ထိုင်နေသလဲဆိုတာ မြေပုံကို ယူသွားပြီး သင့်ကို သက်သေပြ၍ယာကုပ်ပြောသည့် နောက်ဆုံးနေ့မှာရှိသည် အလားတူ နေရာကိုပင် အတိအကျ ပြသပါမည်။ သူတို့တစ်ခါမှ ....... သူတို့ ပြန်လာသည်အထိ ထိုနေရာကို တစ်ခါမှမရောက်ခဲ့ ပါ ........ ၁၉၄၆ ခုနှစ် ၊ မေလ ၇ရက်နေ့မှာ ကိုယ်တော်ရဲ့ ကောင်းကင်တမန် ကျွန်တော့်ထံ ပေါ်လာပြီး ဒီသာသနာအတွက်ပြောလိုသည့် ညကတည်းက ဖြစ်သည်။ နယ်မြေသစ်ကို သူတို့ ပြန်လာသည်ကို ကျွန်တော်ပြနိုင်ပါသည်။ သူတို့ ထိုင်နေမည်ဟု ယာကုပ်ပြောသော နေရာများကို အတိအကျပင် သူတို့ရောက်သွားပါသည်။ ယနေ့ ထိုနေရာမှာ သူတို့ ထိုင်နေကြပါပြီ။ အို ၊ ဖြစ်ရလေ။ အို ၊ဖြစ်ရလေ ! ငါတို့ တစ်နေ့ အိမ်နှင့်နီးလာပါပြီ။ အဲ့ဒါ အကုန်ပါပဲ။

80 ၈၀။ သင်တို့လူများ၊ သင်တို့ ဖျားနေကြပါသည်။ ( သို့ ) သင် ထိုနေရာမှာ မစသင့်ပါ။ ရပ်၍သာ နေရ ပါမည်။ငါက သင့်ညီအစ်ကိုပါ။ လူနာများအတွက် ဆုတောင်းပေးရန် ဘုရားသခင်ထံမှ မဟာတာဝန်ပေးချက်ရှိ၍ လူနာများအတွက် ဆုတောင်းပေးရပါမည်။ ငါ၏အရာကဲ့သို့မဟုတ် ....... အနာရောဂါ ငြိမ်းစေ ရန် တန်ခိုးရှိသကဲ့သို့ ဖြစ်ပါသည်။ကျွန်တော် မဟုတ်ပါ။ သို့သော် ငါ့မှာဆုတောင်းခြင်းတန်ခိုး ရှိပါတယ်။ ဒီမနက်ငါပြောသကဲ့သို့ ဒါဝိဒ်မှာဘာမှမရှိပါ။ သို့သော် လောက်လွှဲလေးတစ်ခု ရှိပါသည်။သို့သော် သူက ပြောပါသည်။ ' ဘုရားတန်ခိုးသူ့အပေါ်မှာရှိလျက် ဘာလုပ်မလဲဆိုတာ ငါသိပါတယ်။ ' ငါ့မှာ သင့်အ တွက် ဆုတောင်းပေးဖို့ ဆုတောင်းချက်ကလေးသာရှိပါတယ်။ သင့်အပေါ်တင်ရန် ငါ့လက်များ ရှိပါ တယ်။ သို့သော် ငါသိတာကဘုရားကိုယုံကြည်ခြင်းက အလုပ်ဖြစ်ပါမယ်။ အခြားသောသူများအတွက် ဖြစ်ပါတယ်။ သင့်အတွက်ဖြစ်ပါမယ်။ သင်ယုံကြည်သည်မှာ ယခု သင်ခြေလှမ်းလိုက်သည်နှင့် ပို၍နီးလာ ပါပြီ။

81 ၈၁။ ကျွန်တော်ဒါကို အလွန်ထိရောက်စေရန် ကျွန်တော့် ညီအစ်ကိုကိုလာ၍ ဆီနှင့်ဘိသိတ်မပေးပါ ကမဖြစ်နိုင်ပါ။ သင် ဒါကိုလုပ်မလား။ ညီအစ်ကို နတ်ဗီးလ် ? ငါက အသင်းတော်ကို ဆုတောင်းပါမည်။သင်ခေါင်းငုံ့ပါ။

ပြီးခဲ့တဲ့အပတ်က ကျွန်တော် အလွန်ဖျားနာနေသောအခါမှာ ထိုကြက်ဆူဆီနှင့် တစ်စုံတစ်ဦးလာ ၍ ကျွန်တော့်အပေါ် လက်တင်ပါကကျွန်တော့်မှာ ရှိသည့်အရာကို ကျွန်တော် ပေးပါမည်။ ဘုရားကောင်း ကြီး ခံစားရသောတစ်စုံတစ်ဦးရှိပြီး သူက ကူညီပါက ကျွန်တော် အလွန်နှစ်သက်ပါမည်။ သင်တို့အား လုံးလဲထိုစဉ်က ကျွန်တော့်ကဲ့သို့ ခံစားကြရပါမည်။ ထိုစဉ်က တစ်စုံတစ်ဦးကို ကျွန်တော်လုပ်ပေးစေချင် သလို သင်ကလည်း ထိုသို့ခံစားရရန် သင်လိုလားပါသည်။ ကျွန်တော့်အလုပ်ကို ရွေ့ဆိုင်းပါက ဘုရား ကျွန်တော့်ကို တားဆီးပါမည်။ အမြဲတမ်း ကျွန်တော့်ကိုမောပန်းပါစေ။ နွမ်းနယ်ပါစေ။ ခြေထောက်တစ် ဖက်မှ တစ်ဖက်သို့ မရွေ့နိုင်အောင်ဖြစ်ပါစေ။ သွားပါရစေ။ အကြောင်းမှာ ကျွန်တော် သင်တို့ကို တစ် ယောက်မကျန် တဖန်ပြန်ဆုံရပါမည်။ ထိုနေရာဖြစ်သော တစ်ဖက်လမ်းမှာ ဖြစ်ပါတယ်။

82 ၈၂။ သင်တို့မိန်းမအိုကြီးများနှင့် ယောကျာ်းအိုကြီးများ ခါးကုန်း၍ ဆံပင်ဖြူပြီး ကျဆင်းလာကြပါသည်။ နှင်းဆီပွင့်ပြီး အဖူးမှပွင့်လာ၍ ပွင့်ဖတ်များ ကြွေကျပြီး အစိတ်စိတ်အမွှာမွှာကြွေကျ၍ ပွင့်ဖတ်များ တစ်စစီကျသွားသကဲ့သို့ မဟုတ်လား ? မှန်ပါသည်။ သင်တို့ အတူတကွနေရန်တစ်ခုတည်းသောအရာ မှာ ဘုရားဘုန်းတော် ထင်ရှားစေရန် ဖြစ်ပါသည်။ ရန်သူက သင့်ကိုဖမ်းချုပ်၍ထွက်သွားပါက ကျွန်တော် က ဘုရား၏လောက်လွှဲနှင့် လာပါမည်။ ယုံကြည်ခြင်းနှင့်ဖြစ်ပါသည်။ ဘုရားပေးသော ဆုကျေးဇူးနှင့် ဖြစ် ပါသည်။ ဒီမှာ ကျွန်တော်ပြောတာဖြစ်ပါတယ်။ သို့မှသာ သင်နားလည်ပါမည်။ ကျွန်တော် ပြောပါသည်။ ‘ အကယ်၍ ပေတရု ဝင်လာပါက ( သို့ )သူတို့အချို့ ’ ထိုသို့မပြောပါနဲ့........ သင် ကျွန်မအတွက် ဆုတောင်းပေးဖို့မလိုပါ။ ဒီလိုပဲ ဝင်လာပါ။ နောက်ပြီးတော့ပြောပါ။ ဒီမိန်းမပြောသလိုပြောပါ။ ‘ ခင်ဗျားကစစ္စတာ ဘယ်သူဘယ်ဝါ ဖြစ်သလဲ ?( နာမည် ဘယ်လိုခေါ်သလဲ ? စစ္စတာဟောင်းဝပ်ပါ။ ) ’ ခင်ဗျားကစစ္စတာ ဟောင်းဝပ်။ သင်က ယုံကြည်သူပါ။ ဟုတ်သလား။ စစ္စတာ ဟောင်းဝပ် ? ဟုတ်လား ........ ‘ သင်က ယုံကြည်သူပါ။ သင့်မှာ ကယ်တင်ခြင်း ကောင်းကြီးများအတွက် ရပိုင်ခွင့်များရှိပါသည်။ ’ လည်းကောင်းနောက် ကျွန်တော်က ပြောပါမည်။ ‘စစ္စတာ ဟောင်းဝပ် ၊ အားလုံးက အဆင်ပြေသွားမှာပါ ’ ဟု ပြောပြီး လျှောက်ထွက်သွားသည်။ အို ၊ ဘယ်လို ........ ကျွန်တော် ပြောပါမည်။ ‘ ကျွန်တော် အော်ပါ မည်။ ကျွန်တော် အော်ပါမည်။ ကိုယ်တော်ထိုသို့ ဖြစ်ရပါမည်။ ထိုသို့ ဖြစ်ရပါမည်။ ’

ကျွန်တော် စဉ်းစားမိပါသည်။ ‘ သူတို့အတွက် ဆုတောင်းရန် ကျွန်တော်လာသည်ဟု လူတွေက ဘာပဲတွေးကြပါမည်လဲ ?’ အဲ့ဒါပါပဲ ........ ကျွန်တော် ဘာဆိုလိုလဲသင်တွေ့ပါသလား ?

83 ၈၃။ ကျွန်တော်အချိန်များစွာယူ၍ လူတွေကိုခေါ်ပြီး ပြောပါသည်။ ‘ အို ၊ အဖိုးတန်ညီမ သင်ယုံမှာ လား ? ’ အို ၊ သင်ယုံမှာလား ? ကိုယ်တော် သူတို့ကို ယုံကြည်စေပါ။ အို ၊ကျေးဇူးပြု၍ သင်ယခု လက်ခံ ပါမည်လား ?အဲ့ဒါမဟုတ်ပါ။ ငါ အဲ့ဒါကို ကျော်လွှန်သွားပါပြီ။ အဲ့ဒါကို ငါကျော်လွှန်သွားပါပြီ။

ဒါကိုပဲ ငါပြောပါတယ်။ ‘ စစ္စတာ ဟောင်းဝပ် ၊ သင်က ယုံကြည်သူလား ? ’

‘ဟုတ်ပါတယ်ရှင်။ ’

‘ကောင်းပြီ ၊ စစ္စတာ ဟောင်းဝပ်။ သင်က ယုံကြည်သူဖြစ်လျှင် သင်ကဘုရားမှာရှိသမျှကို အ မွေခံရမည့်သူ ဖြစ်ပါတယ်။ ’ သူမ လက်ကိုသာကိုင်ပါ။ ကျွန်တော် အဲ့ဒါကို ယုံကြည်ပါတယ်။ကျွန်တော် စစ္စတာ ဟောင်းဝပ်အပေါ် လက်တင်၍ ဆုတောင်းပေးပါတယ်။ ယေရှုက ဘယ်တော့မှမပြောပါ။ ‘ သူတို့အတွက် ဆုတောင်းပါ။ ’ လက်ကိုကသူတို့အပေါ် တင်ပါလို့ ပြောပါတယ်။ သူမ ရောဂါပျောက် သွားပါ တယ်။ အရာခပ်သိမ်းကောင်းသွားပါမယ်။ စစ္စတာ ဟောင်းဝပ် ၊ အိမ်ပြန်နိုင်ပါပြီ။ နေကောင်းသွားပါပြီ။ဘုရားကောင်းကြီးပေးပါစေ။

84 ၈၄။ သင်ကအစ်မကြီးလား ....... ? စစ္စတာ ဟင်လ်တန် ၊သင်က ယုံကြည်သူလား ? ကိုယ်တော့်မှာရှိသမျှအားလုံးကို သင်အမွေခံရပါမည်။ ဘုရား သင်နှင့်အတူ ပါရှိပါစေ။ စစ္စတာ ဟင်လ်တန်၊ သွား၍ ယုံ ကြည်ပါ။ သင်အိမ်ပြန်၍ ကျန်းမာပါ။ ယေရှုခရစ်တော်က သင့်ကို အနာရောဂါငြိမ်းစေပါမည်။ အာမင်။

သင်က အစ်မလား ? Slaugh ။ ညီအစ်ကို ဂျက် ........ ဟိုတစ်နေ့က ဆေးရုံအပြင်ဘက်မှာ ကျွန် တော်တို့ဆုတောင်းပေးတဲ့ အမျိုးသမီး ဖြစ်ပါတယ်။ ထိုစဉ်က သင်က ယုံကြည်သူပါ။ စစ္စတာ စတောင်း ၊ကျွန်တော်တို့မှာ ရှိသမျှအားလုံးရဲ့ အမွေခံ ဖြစ်ပါတယ်။ စစ္စတာ စတောင်း ၊ ခင်ဗျားတောင်းတဲ့အရာကို ရပါစေ။ ကျန်းမာပါစေ။ ဘုရားသခင် ချပေးတော်မူပါမယ်။

ညီအစ်ကို ဂျီးန် ၊ ဘုရား သင့်ကိုကောင်းကြီးပေးမယ်လို့ သင်ယုံကြည်ပါသလား ?ဘုရားသခင် သင့်ကိုပေးပါစေ ၊ ဂျီးန် ။ သင်ဆုတောင်းတဲ့အတိုင်း အတိအကျရပါစေ ........ ? ........

သင့်ကို ယခု ကျွန်တော်သိပါပြီ။ကောင်းပါပြီ။ ခင်ဗျားက ဇဝ်ဂေလီ ဆရာမပါ။ ကျွန်တော် သိပါ တယ်။ ဟိုမှာ ခင်ဗျားရဲ့ခင်ပွန်းပါ။ ဟိုနေ့ကဖုန်းနဲ့ ကျွန်တော် သူ့ကို ဆုတောင်းပေးပါတယ်။ ကျွန်တော်အမြဲတမ်း မှတ်မိနေပါမယ်။ Tulcaမှာ စည်းဝေးပွဲ မသွားနိုင်ပါ။ စည်းဝေးပွဲလာ၍ ကိုယ်တော်က သူ့ကို အ နာရောဂါငြိမ်းစေပါသည်။ သူ့အားစည်ဝေးသို့ စေလွှတ်ပါသည်။ သူက တစ်စုံတစ်ဦးအတွက် ရပ်တည်ပါသည်။ ခရစ်ယာန် တစ်ဦးအနေနှင့် သိပ်ကောင်းပါတယ် ၊ ညီမ။ ကျွန်တော်တို့ အားလုံးအတွက်ကိုယ်စား သူက ရပ်တည်ပါသည်။ သင်က ယုံကြည်သူ ဖြစ်သဖြင့် ဘုရားဂတိတော်အတိုင်းအရာခပ်သိမ်းကိုရရန် အခွင့်အရေး ရှိပါသည်။ ကျွန်တော်က သူ၏အစေခံ ဖြစ်ပါသည်။ ယေရှုခရစ်တော်၏နာမ၌ သင်တောင်း သောအရာကို သင့်အား ငါပေးပါသည် ........ ? ........

85 ၈၅။ လာပါ၊ ညီအစ်ကို ဘီလ် ။ ဘုရားကောင်းကြီးပေးပါစေ။ သင့်အပေါ် အံ့သြလောက်အောင် ကောင်းပါသည်။သင်က ယုံကြည်သူပါ။ ကျွန်တော် သိပါတယ်။ သင်တောင်းသမျှ အားလုံးကို ဘုရားက ပေးမည်ကိုကျွန်တော် ယုံကြည်ပါသည်။ သူ၏အစေခံကျွန်အဖြစ် သင့်အတွက် ကျွန်ုပ်၏ညီအစ်ကို။သခင်ယေရှု၏နာမ၌ သင့်စိတ်နှလုံးဆန္ဒကို ငါ သင့်အားပေးပါသည်။ သွား၍ လက်ခံပါ။ဘုရားကောင်း ကြီး ပေးပါစေ။

စစ္စတာ ဘရစ် ။ ခင်ဗျားကို ကျွန်တော်သိပါတယ်။ သူ့နာပြု ဆရာမကလေးက သင်နှင့် ကျွန်ုပ်၏ နောက်မှာရှိပါသည်။ သူမက Mote JJ Twin J အောက်ရောက်လေ့ရှိပါသည်။ သင်က အခြားသူများအ တွက် ရပ်ပေးသည်။ အဖကို ဆုတောင်းသောအခါသင်၏ဆန္ဒက မည်သို့ ဖြစ်သနည်း?ဒီည သင့်အ တွက်ပါ ....... ရန်သူက သင့်ကို ဆရာဝန် လက်လှမ်းမမှီသောနေရာသို့ ပို့လိုက်သည်။ သို့သော် ကျွန်ုပ် က သင့်နောက်သို့ လောက်လွှဲနှင့်လိုက်လာပါသည်။ ယေရှုခရစ်တော်၏နာမ၌ ကျွန်တော်က မြွားများကို လောက်လွှဲနှင့်ချိန်ထားပါသည် __ ကျောက်ကပ်များထဲရောက်သွားသော ကျောက်ခဲတုံးက ပိတ်ဆို့ ထားသော အနေအထားမှာ ရှိပါသည်။ သင့်အားပြန်ခေါ်လာ ........ ? ........( သိလား ? ) ယခု ကောင်းကြီးပေးပါသည်။ ယေရှုခရစ်တော်၏နာမ၌ ၊ အာမင် ။

86 ၈၆။ ........ ? ........ ကျွန်ုပ်တို့အဖ၏အမည်။ ဆရာ ၊ သင်က ယုံကြည်သူလား ?သင့်ကို နာကျင်စေ ပါသည်။ နိမ့်ကျ၍ ဘယ်ဘက်မှာ ရှိပါသည် ....... ဘုရားက သင့်ကိုပေးမည်ဟု သင်ယုံကြည်ပါသလား ၊ ဆရာ ? သူ၏အစေခံကျွန်ပါ ၊ ကိုယ်တော် ။ ဒီလက်ကတစ်နေ့လုံး အလုပ်ကြမ်း လုပ်ခဲ့ရပါတယ်။ ရည် ရွယ်ချက်နဲ့ ဒီကို ရောက်လာပါတယ်။လုပ်စရာ တစ်စုံတစ်ရာပါ။ သူ့ဆန္ဒကိုပြည့်စေပါ ၊ အဖ ။ အလိုတော်နှင့်အညီ ယေရှုနာမ၌ကျွန်တော် ဆုတောင်းပါတယ်။ အာမင် ။

သံသယ မဖြစ်ပါနှင့်။ ထိုနာကျင်မှုကအောက်ဖက်က နာကျင်မှုကို ရပ်စေပါမယ်။ သင်နေကောင်း သွားပါမယ်။ ဘုရားကောင်းကြီးပေးပါစေ ၊ ညီအစ်ကို ........ ? ........

သင်က ယုံကြည်သူပါ။ မဟုတ်လား ? သင်က ယုံကြည်သူပါ။ သင်က _ ဒီကောင်းကြီးများ အား လုံးကိုအမွေခံရမည့်သူပါ။ ကျေးဇူးတင်ပါတယ် ၊ အဖ ။ ကျွန်တော် ဒီညီမကို တန်းစီရန် ........ ? ........ ပစ်မှတ်ရဲ့အလယ်ဗဟိုနှင့် ကျွန်တော်က သူမကို ရန်သူ၏ ဆုပ်ကိုင်မှုမှ ပြန်ခေါ်လာပါတယ်။ယေရှုခရစ် တော်ရဲ့နာမ၌ ၊ အာမင် ။ ထိုနည်းလမ်း အတိုင်းပင် ဖြစ်ပါသည်။

သင်က ခွဲစိတ်ကုသမှု မလုပ်ချင်ပါ။ အို ၊ကိုယ်တော် ။ ဒီမိန်းမငယ် ဒီမှာ ရပ်နေစဉ်မှာ ငယ်ရွယ်နု ပျို နေဆဲဖြစ်၍ သူမအတွက်ကျွန်တော် ဆုတောင်းပေးပါတယ်။ အဆုတ်ကို ထုတ်ယူရသည် ဖြစ်သဖြင့် သူမ ဘဝမှာဆက်၍ကုန်းနေရမည် ဖြစ်ပါသည်။ ကိုယ်တော်က ကျွန်ုပ်တို့ရဲ့ အဖဖြစ်ပြီး ကျွန်တော် ဆုတောင်းမီးကို ရည်ညွှန်း၍ သူမကို အဆုတ်တည့်တည့် ထိမှန်စေပါ။ ယေရှုခရစ်တော်ရဲ့နာမ၌ဒီဆု တောင်းခြင်းကို ပြုလုပ်ပါတယ်။ ထိုသို့ဖြစ်ပါစေ ........ ? ........ ယေရှုခရစ်တော်ရဲ့နာမ၌........ ? ........အာမင် ။

87 ၈၇။ သင်ကခရစ်ယာန်လား ? ညီမ Dtad ........? ........ ခေါင်းကိုကျွန်တော့်ထံမှ ဆွဲသွားသည်။ သင်က ယုံကြည်သူဖြစ်သဖြင့် ဘုရားကောင်းကြီးများအားလုံး၏အမွေခံ ဖြစ်ပါသည်။ စစ္စတာ Dirdဖြစ် ပါတယ် ၊ ကိုယ်တော် ! သူမကို ကိုယ်တော်ထံ ဒီလောက်လွှဲနှင့်အတူယူဆောင်လာပါတယ်။ ကိုယ်တော် ပေးတဲ့လောက်လွှဲ ဖြစ်ပါတယ်။ ဒါဝိဒ်ကို သူ့ဖခင်ကလောက်လွှဲပေး၍ ဖခင်၏သိုးများကို ကျောင်းစေပါ တယ်။ သိုးငယ်များနောက်သို့ ရန်သူလိုက်လာသောအခါသူက မကြောက်ပါ။ သူက လောက်လွှဲကလေး ကို ဆုပ်ကိုင်၍ ခြသေ့်များနှင့် _ ဝက်ဝံများနောက်ကို လိုက်ပါသည်။သိုးများကိုပြန်၍ ခေါ်ဆောင်လာပါ သည်။ ယုံကြည်ခြင်းအားဖြင့် ဆုတောင်းခြင်းဖြစ်ပါသည်။ လူတွေကိုခေါ်ပြီး ယုံကြည်၍ ရိုးရိုးသားသား ဖြစ်ရန်အတွက် လုပ်ပါက ကိုယ်တော်ပြောပါသည် ........ ကျွန်တော် ဒီညစစ္စတာ ဒ့ါ ကိုပြန်ခေါ်လာပါ တယ်။ ရန်သူရဲ့ လက်ထဲကပြန်၍ ဖမ်းဆွဲလာပါတယ်။ သူမကကိုယ်တော့်ရဲ့သိုးပါ။ သူမကို အဖရဲ့သိုးစု ထဲကနေ ခေါ်လာပါတယ်။ ယေရှုခရစ်တော်ရဲ့နာမ၌၊ အာမင် ။

စစ္စတာ လိုဝီ ၊ သွေးတိုးရောဂါ ရှိပါတယ် ......... သင်က ယုံကြည်သူပါ။ ဟုတ်လား ၊ စစ္စတာ လိုဝီ ။ကောင်းကြီးများအားလုံးရဲ့ အမွေခံလား ?အဖဘုရားသခင် ၊ ဒီညတော့ ကိုယ်တော့်ရဲ့ လောက်လွှဲကို စစ္စတာ လိုဝီရဲ့သွေးတိုးရောဂါကို ချိန်ထားပါတယ်။ နောက်ထပ်တစ်ခါ ဆရာဝန်က သွေးတိုးတိုင်းတဲ့ အ ခါမှာသူမကိုကြည့်ပြီး ပြောပါမယ်။ ‘အခုပုံမှန်ပါပဲ။ ’ သူမကဘာလဲဆိုတာ သိပါမယ်။ ယေရှုခရစ်တော်ရဲ့နာမ၌ ကျွန်တော် သူမကို ပေးပါတယ်။ အာမင် ။

88 ၈၈။ ဟုတ်ပါတယ်........ ကျွန်တော်အဖေ့ကိုလည်း ဒီည ဒီမှာ ရှိစေချင်ပါတယ်။ ဒါမှ သူ့အတွက် ဆု တောင်းပေးနိုင်မှာဖြစ်ပါတယ်။ သင့်အတွက်လည်း ဆုတောင်းပေးပါမယ်။ ကျွန်တော် နားလည်ပါတယ်။

ကောင်းကင်ဘုံရှင်အဖ ၊ ဒီလူကလေး၏ဖခင် သူဒီလောကထဲ ရောက်လာရသည်မှာ သူ့ဖခင် ကြောင့် ဖြစ်သည်။ သူ၏သားအရင်းက သူ့ကိုအရက်သမားဘဝမှ ပြန်လာစေချင်ပါသည်။ လောကအပြစ် ထဲမှ ပြန်လာစေချင်ပါသည်။ အို ၊ကိုယ်တော် ။ ကျွန်တော် ဒီဆုတောင်းချက်ကို ယုံကြည်ခြင်းနှင့် ခွန်အား နှင့် အတတ်နိုင်ဆုံးအားနှင့်ဒီ _ ဒီကျောက်စရစ်ခဲလေးကိုသခင်ယေရှုနာမ၌ ပစ်လွှတ်လိုက်ပါသည်။ ထို သို့ ဖြစ်စေသော နတ်ဆိုးကို လောက်လွှဲနှင့်ပစ်ပါသည် ........ ? ........ထိုနေရာသို့ ........ ? ........သူက သိုးစုထဲကို လုံခြုံစွာ ပြန်လာနိုင်ပါစေ။ ယေရှုနာမ၌ ၊ အာမင် ။ အာမင် ။

သင့်မှာလည်း ဆန္ဒရှိပါသည် ၊ မဟုတ်လား ? ဂတိတော်များရှိရာ နေရာသို့သင်လာလိုပါသည်။ ကိုယ်တော် ၊ လူကလေးက မြစ်ကိုဖြတ်ကူးလာပါပြီ။ ကမ်းတစ်ဖက်မှာစခန်းချ၍ ယော်ဒန်မြစ်ရေက လည်း တတ်နေပါသည်။ သူ့အတွက် လမ်းမရှိပါ။ ယောရှုကိုကိုယ်တော် လမ်းဖွင့်ပေးသကဲ့သို့ ကိုယ် တော် သူ့ကိုလည်း လမ်းဖွင့်ပေးပါ။ ကိုယ်တော်၏အစေခံကျွန်အဖြစ် ကျွန်တော် ဆုတောင်းပါတယ်။ ကျွန်ုပ်တို့၏ အဖိုးတန်ညီလေး ၊ဂတိထားတော်မူရာ ပြည်ကိုရောက်ပါစေ။ တစ်ဖက်ကမ်းမှာ ဒီဂတိရှိပြီး ကျွန်တော့်ကိုဟိုတစ်ညကကဲ့သို့ သယ်သွားပါသည် ........ ကျွန်တော့်မှာဆုပ်ကိုင်၍ ကိုယ်တော်ကို ပွေ့ ဖက်ရသော အခွင့်အရေးကို တစ်ဖက်ကမ်းမှာ ရပါစေ။ ‘ ငါ၏အဖိုးတန် ညီကလေး ’ ဟုဆိုပြီး ဖြစ်စေ တော်မူပါ ၊ အဖ ။ဘုရားဂတိတော်ကို သူရရှိပါစေ။ သန့်ရှင်းသော ဝိညာဉ်တော်ကို ရပါစေ။ အာမင် ။

89 ၈၉။ အို၊ ကိုယ်တော် ဒါငါတို့ရဲ့ ကျေးဇူးတော် ညီအစ်ကိုပါ။ ဒီလက်က ငါတို့အပေါ်ကောင်းခဲ့ပါတယ်။ ကျွန်တော့်အတွက် ပြောမပြခဲ့သော အချိန်များက ရပ်တည်ပေးခဲ့ပါသည်။သူယုံကြည်၍ ယုံကြည်ခြင်း ရှိ ပါသည်။ ရန်သူက ဖမ်းချုပ်ရန် ကြိုးစားနေပါသည်။ သကြား ........ သူက စဉ်းစားပါသည် _သူ ဒီလူက လေးကို ဖမ်းချုပ်နိုင်ပါသည်။ သို့သော် ကျွန်တော် သူ့နောက်မှာလိုက်လာပါသည်။ ငါပြန်လာ၍ သင်၏အ ရင်းအချာကို ဆောင်ယူလာမည်။ ကိုယ်တော် ယုံကြည်ခြင်းခိုင်မာစွာဖြင့် လောက်လွှဲကို ယေရှုခရစ်တော် ၏နာမ၌ ပစ်ပေါက်၍ ဆီးချိုကိုတိုက်ခိုက်၍ သူက ........ ? ........သင်၏သိုးကို သိုးခြံထဲပြန်ခေါ်လာပါ။ ယေရှုနာမ၌ ၊ အာမင် ။

အကျိတ် ........အို ၊ ကိုယ်တော် ကျွန်ုပ်၏ညီမက ဒီအလေးချိန် လွန်ကဲခြင်းကို သိပါသည်။ ဆရာ ဝန်ကပြောပါသည်။ သေစေမည့်အရာ

ဖြစ်သည်။ အလေးချိန် တစ်ပေါင်ပိုပါက အသက်တစ်နှစ် တိုပါ သည်။အာမခံဇယားအရ ဖြစ်သည်။ သူမက ဘုရားကို ဂုဏ်ပြုချီးမွမ်းလျက်နေလိုပါသည်။ ဘယ်ဆရာဝန်မှ ဒါကို မလုပ်နိုင်ပါ။ ခမည်းတော်ဘုရား ၊ လည်းကောင်းမှာ အထဲမှာ _ သင်၏လက်ထဲမှာ ရှိပါသည်။ စစ္စတာ ဘဲလ် မှာအလွန်သစ္စာ ရှိပါသည်။ သူမက ကြင်နာတတ်၍ စဉ်းစားတတ်ပါသည် ........ ? ........ သူမက နက်နဲသောအခက်အခဲများကို ဖြတ်ကျော်ခဲ့ ရပါသည်။ ကိုယ်တော် သူမအတွက် ကျွန်တော် လာပါသည်။ကျွန်တော်လာ၍ ရန်သူကို ရင်ဆိုင်ပါသည်။ ကျွန်တော့် ရည်ရွယ်ချက်သမျှအတွက် ကျွန်တော့်မှာ မှန်ကန်မှု ရှိပါသည်။ ယေရှုခရစ်တော်၏နာမဥ္စ ဒီရန်သူကို ကျောက်တုံးနှင့်ပစ်ပေါက်ပါသည်။ သူ့ကို ခြောက်လှန့်လိုက်ပါ။ သူမထံမှ သူထွက်သွားပါစေ။ သူ့ကိုခြောက်လှန့်၍ ကွဲပြားစေပါ။ သူမကို စိမ်း လန်းသော မြက်ခင်းနှင့် အရိပ်ထဲသို့ပြန်လည်ရောက်ရှိစေပါ။ ယေရှုခရစ်တော်၏နာမဥ္စ ၊ အာမင် ။

ဖြစ်လာပါမည်။ စစ္စတာ ဘဲလ် ၊ သံသဃမဝင်ပါနှင့်။

90 ၉၀။ စစ္စတာစပင်သာ ? [ ညီအစ်မတစ်ဦးက သက်သေခံပါသည်။ ] ........ ? ........ကျွန်တော် တ ကယ်ပဲ လုပ်ပါတယ် ၊ ညီမ ။ ........ ? ........ဘုရားကောင်းကြီးပေးပါစေ။ အာမင် ........ ? ........ချစ်သူ များ ကယ်တင်ခြင်း ရကြသည် ........ ? ........ဟုတ်ကဲ့ပါ ၊ ဆရာ။ အဲ့ဒါတွေ အားလုံးအကြောင်း ကျွန် တော် သိပါတယ်။ ငါတို့အားလုံးကြွေးကြော်ကြပါတယ်။ စစ္စတာ စပင်သာ ၊ သူမနှင့် ညီအစ်ကို ဂျက်စီတို့ ဘဝကိုဖြတ်သန်းရပါသည် ........ ? ........ဒီမှာရှိတဲ့ အသင်းတော်ကို ဆင်းလာပါ။ တစ်ဖက်ကမ်းကို ကျွန်တော်ဖြတ်ကျော်သွားသောအခါ သူတို့ ဒီလို စမ်းတဝါးဝါး ဤသို့လိုက်လျှောက်သွားရန် မဟုတ်ပါ။သူတို့ငယ်ရွယ် ကြပါသည်။ အို ၊ ညီအစ်ကို ဂျက်စီ ........? ........ ထိုသို့အားလုံးပါပဲ။သင်တို့အားလုံး ဘယ်လိုလဲဆိုတာ သိကြပါတယ် _ဖြတ်ကျော်ရပါမည် ........ ? ........သင် လုပနုပျိုသော မိန်းကလေး ပြန်ဖြစ်သွားပါမည်။ ညီအစ်ကို ဂျက်စီက လူငယ်ကလေးပြန်ဖြစ်ပါမည်။ ဘုရားသခင်ကို ဂတိပေးပါ တယ်။

ကြည့်ပါ .......ကျွန်တော် သင့်ကို အနည်းငယ် သင်ပေးချင်ပါတယ်။ သင်က ဒီမှာ နောက်ဆုံးတစ် ဦးဖြစ်ပါတယ်။ ကျွန်တော် လိုလားပါသည် ........ သင်၏လူကလေးဖြစ်ကြောင်းကျွန်တော် သိသော ကြောင့် ဖြစ်ပါသည်။ သင်က ဆုတောင်းပေးရန် လိုလားပါသည် ........ ? ........

91 ၉၁။ ကျွန်တော်ဒီအရာတစ်ခုကို ပြောချင်ပါသည်။ ကျမ်းစာထဲမှာ သင် ဒီအကြောင်းပြောတာကို ဖတ်မိပြီးပြီလား ? ပေါလုကရောမတပ်မှူးကို ပြောပြပါသည်။ ( သင် ကျွန်တော် ပြောတာကို ကြားရပါသလား ? ) ရောမက ပြောပါသည်။သူက သူ၏ခါးရှည်ကိုထုတ်၍ ဖိလိပ္ပုမှာ ထောင်ထဲတွင် မိမိကိုယ်ကို သတ် သေရန်ဖြစ်နေပါသည်။ လည်းကောင်းနောက် _မြေငလျင်လှုပ်၍ တောင်ပြိုကျ သွားပါသည်။ သူက ပြောပါသည်။ ‘ သခင်ယေရှုခရစ်ကို ယုံကြည်ပါ။ သင်နှင့်သင်၏အိမ်သားများ ကယ်တင်ခြင်းသို့ရောက်မည်။ ’သင်ကြားပါသလား ? ‘ သင်နှင့်သ်၏အိမ်သားများ ....... ’

သင့်အတွက် သင်ကယ်တင်ခြင်းရရန်ယုံကြည်ခြင်း အလုံအလောက်ရှိပါက သင့်ကလေးအတွက် သင်က ယုံကြည်ခြင်း အလုံအလောက်မရှိပေဘူးလား ? ဘုရားကတစ်နည်းနည်းနှင့် ........ ? ........ကိုယ်တော် ဒီည ကျွန်တော် စစ္စတာ စပင်သာနှင့် ညီအစ်ကို စပင်သာအတွက်ဆုတောင်းပေးပါတယ်။ ကလေးကို _သူတို့နှင့် ကလေးများ ပျော်ရွှင်ဖွယ် ဘုန်းထင်ရှားစေသော နေရာမှာရှိပြီးဖျားနာခြင်းမရှိဘဲ ( သို့ ) အသက်ကြီးသွားခြင်းမရှိ ၊ ဝမ်းနည်းခြင်းမရှိ ( သို့ )စိတ်ပျက်ခြင်းမရှိဘဲ ဒီဘဝကလေးမှာ အိပ် မက်ဆိုး ကလေးအဖြစ် ပျောက်ကွယ်သွားရပါမည်။သူတို့ ဒါကိုရ၍ သူမ၏ကလေးများ အားလုံးနှင့် သူမ ခင်ပွန်း ၊ ချစ်သူများအားလုံး ၊သူမကို ချစ်သူများ ၊ သူမက ချစ်ရသူများအားလုံး သူမနှင့်အတူ ရှိပါစေ။ ယေရှုနာမဥ္စ ။ဘုရားကောင်းကြီးပေးပါစေ ၊ ညီမ ။ အသက် ရှစ်ဆယ့်နှစ်နှစ် ရှိပါပြီ။ သင်က ကျဆင်းနေပါပြီ ........ ? ........ကမ္ဘာကြီး ပြိုကွဲသွားသကဲ့သို့ ဖြစ်ပါတယ် ၊ စစ္စတာ စပင်သာ ။

92 ၉၂။ သင်ကအနားယူရန် အဆင်သင့် ဖြစ်ပါပြီ ........ ? ........တစ်ချိန်လုံး ........ ? ........ထိုသို့ _ သင်၏ယုံကြည်ခြင်းကိုကိုယ်တော့် အထဲမှာထားပါ ........ ? ........သင်ဖြတ်ကျော် သွားရပါမယ် ........ ? ........ဒီနေရာမှာ ရပ်နေရသော သေချာသကဲ့သို့ ........ ? ........ဒီနေ့ည စစ္စတာ စပင်သာ ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့် သင်နှင့်ဂျက်ဆီကိုတစ်ဖက်လမ်းမှာ တွေ့ရပါမည်။ ငယ်ရွယ်၍ လွတ်လပ်ပါသည်။ သင်က ပြေးလွှားခုန်ပေါက်၍ ‘ ငါ့အစ်ကို ၊ ငါ့ညီလေး ’ ဟု ဆိုပါမည်။ သင်နှင့်တွေ့ရပါမည်။

သူမ၏အာရုံများ ဖြစ်ပါသည်။ခမည်းတော်ဘုရား ၊ ဒီမိန်းကလေးက ပျက်စီးသွားပါတော့မည်။ သူမ ကောင်းသွားဖို့ လိုပါသည်........ ? ........တစ်ခုတည်းသာ ........ ? ........ဘာကတားဆီးနေပါ သလဲ။ သို့သော် သူမအတွက် ဒီည ကျွန်တော် လာပါသည်။ ကိုယ်တော့်ထံလာပါသည် ၊ အဖ ။ ကျွန် တော်လာ၍ ကိုယ်တော့်ကို ဆုတောင်းပါတယ် ၊ အဖ ။ ကျွန်တော့်ရဲ့ပစ်မှတ်အတွက် ဖြစ်ပါတယ်။ သူည အတိအကျ ဖြစ်သွားပါစေ။ သူ့အပေါ်တည့်တည့် ဖြစ်ပါစေ ........ ? ........ ယေရှုခရစ်တော်၏နာမဥ္စဒီဆု တောင်းချက်က အာရုံကြော အားနည်းမှုကို ထိခိုက်၍ အစိတ်စိတ် အမွှာမွှာ ဖြစ်ပါစေ။ဘုရားသခင်၏ မြက်ခင်းစားကျက်သို့ ဤသိုးကို ပြန်ယူဆောင်လာပါ။ အာမင်။ ယခုပင်ဖြစ်ရပါမည်။ ဟန်နီ ........ ? ........

ကောင်းကင်အဖ ၊ သူမ ဆန္ဒရှိသည့်အတိုင်းသူမကလေး ခြောက်ယောက်ကို ကယ်တင်ခြင်းရရန် မစတော်မူပါ ....... သူမက ညီအစ်ကို ဒေါ်လတန်ရဲ့ သက်သေခံချက်ကို ကြားခဲ့ပြီးဖြစ်ပါတယ်။ သူ၏ချစ် စရာ သမီးငယ်များ ဖြစ်ပါတယ်။ သူမ၏သားသမီး ခြောက်ယောက်သည် အဖ ။သူမ ဆန္ဒရှိသည့်အတိုင်း သူမနှင့် ပြန်လည်ဆုံတွေ့၍ ညမရှိဘဲ လုံခြုံစွာကာကွယ်မှုအောက်မှာရှိနေပြီး ယေရှုခရစ်တော်၏ အ သွေးတော်နှင့် ခိုလှုံခွင့်ရပါစေ။ အာမင်။ရပါစေ ၊ အစ်မတို့ ။ ကျွန်တော် ဆုတောင်းပေးပါတယ်။

93 ၉၃။ ကျွန်တော်ယုံကြည်ပါသည် ........ ဘယ်အရာကမှမကူညီနိုင်ပါ။ သူတို့ သူ့ကို ဘာနဲ့တူတဲ့ အရာ ကလေးကို ပေးပါတယ် _

acehomin ကဲ့သို့ အရာပါ။သူတို့က ကော်ဖီရန်းလို့ ခေါ်ပါတယ်။ ထိုအရာမှာ _ သင့်ကို သေစေမည့်အရာ ဖြစ်သည်။ သင့်သွေးကို ခန်းခြောက်စေသည် ........ ? ........ သို့သော် ....... အဆစ်အမြစ် ကိုက်ခဲခြင်းရောဂါမှာ ခြသေ့ကဲ့သို့သိုးသူငယ်ကို ဖမ်းချုပ်၍ ထွက်ပြေးသွားသကဲ့သို့ ဖြစ် သည်။ လောက်လွှဲဘာလုပ်နိုင်မည်နည်း ? အိုး ....... ဖြစ်ရလေ။ ဟောက်သောခြသေ့ကဲ့သို့ သိုးသူငယ် ကိုဖမ်းဆွဲသွားပါသည်။ သူက သိုးသူငယ်ကို ချစ်ပါသည်။ သိုးသူငယ်ကို ဖမ်းဆွဲသွားပါသည်။သို့သော် ဒါဝိဒ်က လောက်လွှဲနှင့် နောက်ကလိုက်သွားပါသည်။ ကြည့်ပါ။ သူ့မှာကျောက်ငါးလုံး ရှိပါသည်။ ယုံ ကြည်ခြင်း ( F. A . I . T . H ) ၊ မိမိကိုယ်တိုင် သူ၏လောက်လွှဲ သူ့လက်ထဲမှာ ရှိပါသည်။ ယေရှု ( JESUS ) သေချာပေါက်မလွဲပါ။တစ်စုံတစ်ခု ဖြစ်ရပါမည်။ ဤဆုတောင်းခြင်းဖြင့် ထိုအဆစ်အမြစ် ကိုက်ခဲ ခြင်းကိုနောက်မှလိုက်၍ ဘုရားက သင့်အားပေးပါစေ။

သူမက နာမဥ္စဗတ္တိဇံ ခံလိုပါသည် ........ သင်ကလည်း သူမကို ဗတ္တိဇံခံစေ လိုပါသည် ........ ? ........ ကျေးဇူးတင်ပါတယ် ၊အစ်မ ။ အဲ့ဒါ နည်းလမ်းမဟုတ်သဖြင့် ........ ? ........ထို့ကြောင့် မဟုတ်ပါ ........ သမ္မာကျမ်းစာထဲမှာခမည်းတော် ၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်ပါက ကျွန်တော် _ ကျွန်တော် အဲ့ဒါကို ယုံကြည်ပြီးလည်းကောင်းနှင့်အတူ နေပါမည်။ ကျွန်တော် _ ကျွန်တော် ဘာမှ မကွာခြားလိုပါ။ ကျွန်တော် _ ကျွန်တော် _ ကျွန်တော် အဲ့ဒါကိုလိုသည် ........ ? ........ ကျွန်တော် မလိုလားပါ ....... ကျွန်တော် _ ကျွန်တော် အဲ့ဒါအတွက် တာဝန်ခံရပါမည်။သင်သဘောပေါက်သလား ? ထို သို့ပြောသည့်အတိုင်း ကျွန်တော် ပြောရပါမည်။ ကွာခြားရန် မဟုတ်ပါ။ ရိုးသားရန် ဖြစ်ပါသည်။

94 ၉၄။ ယခုအဖ ၊ သူမ ချစ်သူများအတွက် ကျွန်တော်တို့ လာပါသည်။ သူမမှာ အဆစ်အမြစ်ကိုက်ခဲပြီး သူမယေရှုနာမဥ္စ သူမက ဗတ္တိဇံခံလိုပါသည်။ အကြောင်းမှာ လည်းကောင်းသည်ဝင်ပေါက်ဖြစ်နေပါပြီ။ ဖွင့်ထားသော ဂိတ်တံခါးပါ။ ယောရှုက ဂတိထားတော်မူရာပြည်သို့ဝင်ရမည့်လမ်းကို ပြင်ဆင်ပေးခြင်း ဖြစ်ပါသည်။ နေရာလမ်းဆုံးလေး နေရာဖွင့်ထားခြင်းမဟုတ်ပါ။ တစ်လမ်းထဲပါ။

ပေတရုမှာ ပင်တေကုတ္တေနေ့မှာအသင်းတော်ကို စတင်တည်ထောင်သောအခါ လမ်းဖွင့်ပေးပြီး ပြောပါသည်။ ‘ သင်တို့ တစ်ဦးစီ နောင်တရကြပါ။ယေရှုခရစ်တော်၏နာမဥ္စ ဗတ္တိဇံခံကြပါ။ ’ထိုလမ်းမှ သူတို့ လွဲမသွားကြပါ။ တစ်ဦးစီ ဂတိထားတော်မူရာပြည်သို့ဖြတ်သွားကြပါသည်။ အချို့က တခြားလမ်း ဖြင့် ဖြတ်ကျော်သွားပါသည်။ ပေါလုက သူ့ကိုပြောပါသည်။ ‘ သင် ဘာထဲကိုဗတ္တိဇံခံပါသလဲ ? ဘယ်ကိုဖြတ်သွားရန် ကြိုးစားပါသလဲ ?’

သူတို့ ပြောပါသည်။ ‘ ယောဟန်ကြည့်သည့် ဒီအောက်ပိုင်းမှာဖြစ်ပါတယ်။ ’

သူက ပြောပါတယ်။ ‘ ယောဟန်က အချိန်နှင့် နေရာကိုညွှန်ပြပါသည်။ ’ သူတို့ဒါကို ကြားသော အခါ လမ်းမှန်ဖြင့် ဗတ္တိဇံခံကြပါသည်။ သူတို့ ဖြတ်ကျော်သွား၍ ........ ? ........ ဝိညာဉ်အသက်တာ ဖြစ်ပါသည်။

ကျွန်တော်တို့ အစ်မကို ချပေးတော်မူပါ။ယေရှုခရစ်တော်၏နာမဥ္စ ၊ အာမင် ။

95 ၉၅။ ညီအစ်ကိုLyle ....... အို ....... ဟုတ်ကဲ့ ........? ........ ထိုအရာနှင့်ကိုယ်တော် ပေးသောရှုပါရုံ ........ ? ........အားလုံးပြီးဆုံးသွားသော်လည်း ယခု ။ ဘုရားကောင်းကြီးပေးပါစေ။ သင်က ဂတိထားတော်မူရာပြည်သို့ သွားရာလမ်းမှာ ယခု ရောက်နေပါသည် ၊ ညီအစ်ကို ........ ? ........

ဒီသာသနာကို မစတင်မီ ဘယ်နှစ်ဦးသတိရ၍ကျွန်တော့်ကို အတည်ပြုပြီး တစ်နေ့မှာ လူတစ်ဦး နှင့် ကျွန်တော် တစ်နေ့မှာငါးဖမ်းလျက် ရှိပါသည်။ မြစ်ထဲ ၊ ကန်ထဲမှာ ရှိပါသလား ? ကျွန်တော်က ငါး ကလေးများ ဖမ်းနေပါသည်။သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်တော့်အပေါ် သက်ရောက်လာပါသည်။ ထိုနေရာမှာ ........ ဒီလူက ယေဟောဝါ သက်သေခံ ဖြစ်ပါတယ်။ သူ၏အစ်ကိုက ဒီမှာ တစ်နေရာရာရှိပါ သည်။ Banks Word ဖြစ်ပါသည်။သူက တစ်နေရာရာမှာ ရှိပါတယ်။ ကျွန်တော်၏ အိမ်နီးချင်းပါ။ ဒါက Lyle ပါ။ ဒီလူတွေကယေဟောဝါ သက်သေခံတွေပါ။ တစ်နေ့သောအခါမှာ ကျွန်တော်တို့ ငါးဖမ်းနေစဉ် ဒီလူကလေးပြောင်းလဲသွားပါသည်။ သူ၏ဘဝမှာ တစ်စုံတစ်ရာဟု ကျွန်တော် ပြောလိုက်ပါသည်။ နေရာယူသမျှအားလုံး ၊ အကြောင်းအရာအားလုံး ၊ ကျွန်တော့်ကို ယခု ပြောပြသော အကြောင်းမှာသူက ယခု ပင် သူ့အသက်တာမှာ ရရှိခဲ့ပါသည်။ မှန်ပါသည်။ ကိုယ်တော်ကို ချီးမွမ်းပါသည်။အဲ့ဒါ အတိအကျ မှန် ကန်ပါသည်။ သူ၏ဖခင်မှာ _စာဖတ်သူတစ်ဦး ဖြစ်ပါသည် ........ ? ........အဆောက်အဦထဲမှာ သူရှိပါ သလား ?ရေကန်ထဲမှာ သူနှင့်သူ၏ဇနီးသည် ယေရှုခရစ်တော်ရဲ့နာမဥ္စ ဗတ္တိဇံခံခဲ့ပါသည်။ ဒီလူကသူ့အ နားမှာ ထိုင်နေပါသည်။ ကျွန်တော့် ညီအစ်ကို ။

96 ၉၆။ Banks ၊ ခင်ဗျား ဘယ်မှာလဲ ? သူအထဲမှာလား ? ဒေါင့်မှာ ကပ်နေပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ ငါးဖမ်းနေ ကြပါတယ်။ ညီအစ်ကို ကျွန်တော့် လူကလေးက သတ်တတ်ပါတယ် ........ ကြောင် ကလေးကို ရက်အနည်းငယ်က သတ်လိုက်ပါတယ်။ မိခင်ကြောင်မကြီးနဲ့ ကလေးတစ်အုပ်ကို ထုတ်ပိုး၍ ပစ်ချလိုက်ပါတယ်။ ကျွန်တော်စဉ်းစားမိပါတယ် ....... ကျွန်တော်က ပြောပါတယ်။ ‘ ကိုယ်တော်က အ သက်တာကလေးကိုမြှောက်တင်ပြီး _ ဟိုတစ်နေ့ကလိုတင်လိုက်ပါမယ်။ မှန်ပါသလား ?Lyle ? အ အေးထဲမှာ မတ်တပ်ရပ်ပြီး ကျွန်တော်က ပြောပါတယ်။ ’ ကိုယ်တော်ရှင် မိန့်တော်မူသည်။

ကျွန်တော်တို့ တစ်ညလုံး ငါးဖမ်းပြီးဘာမှမမိပါဘူး။ နောက်တစ်နေ့ မနက်မှာ ကျွန်တော် ငါးပြန် ဖမ်းပြီး ငါးလေးများဖမ်းရန်ကြိုးစားပါတယ်။ ညီအစ်ကိုတိုင်းက ငါးမျှားတံ အကြီးကြီးနဲ့ပါ။ ငါးငယ်ကလေး ကသူ့မှာရှိတဲ့ ငါးမျှားချိတ်ကြီးကို မျိုချလိုက်စေပါတယ်။သူပြန်ဆွဲထုတ်လိုက်တဲ့အခါမှာ ငါးကလေး ဗိုက် ထဲမှာ ကြီးမားသောချိတ်ကြီး ရှိနေပါတယ်။သူဆွဲထုတ်လိုက်သောအခါ အားလုံးကို ပြန်ဆွဲထုတ်လိုက် ရ ပါသည်။ ရေပေါ်တင်လိုက်သောအခါလေးငါးကြိမ် လူးလွန့်နေပါသည်။ အကြောင်းမှာ သူ၏အစာလမ်း

ကြောင်းနှင့် ပါးဟပ်များပါးစပ်ထဲမှ ထွက်ကျလာပါသည်။ နာရီဝတ်ခန့် ရေထဲမျှောနေပြီး ခြုံထဲမျှောပါသွား သည်။

97 ၉၇။ ကျွန်တော်ထိုနေရာမှာထိုင်၍ ငါးမျှားနေပါသည်။ ရုတ်တရက် သန့်ရှင်းသော ဝိညာဉ်တော် ရောက်လာပြီး ‘ ငါးကလေးကို ပြောပါ။ ’

ကျွန်တော် ပြောပါသည်။ ‘ ငါးကလေး ၊ ယေရှုခရစ်တော်က သင့်ကိုအသက်ပြန်ပေးပါပြီ။ ’ ထိုငါးကလေးမှာ ရေပေါ်မှာပေါ်၍ သေနေပါသည်။ ဘေးတစ်စောင်းလေး သေနေသည်။ တဖန်ပြန်၍ တည့်မတ်လာပြီး ရေထဲခုန်ဆင်းသွားသည်။

ညီအစ်ကို ကိုင်း ၊ ညီအစ်ကို ဝုဒ်တို့အားလုံး ထိုနေရာမှာ ထိုင်နေကြသည်။ ညီအစ်ကို ကိုင်း က ပြောသည်။ ‘ ညီအစ်ကို ဘရာဟမ် ၊ အဲ့ဒါကျွန်တော့်အတွက်ပဲ။ အကြောင်းမှာ ငါက ........ ? ........ပြောသည်။ ’ ငါ _ ငါကမလုပ် ........ ? ........ သူက ငါးမျှားကြိုးကို ဆွဲထုတ်ပြီး လွှင့်ပစ်လိုက်သောအခါ ပြောသည်။ ‘ သင်က သင်၏နောက်ဆုံး နေရာကိုထိပြီ ၊ငါးကလေး ’ ဟု ပြော၍လွှင့်ပစ်လိုက်သည်။ ‘ အဲ့ဒါ _ အဲ့ဒါ ငါပြောတာပဲ။ ’

‘မဟုတ်ဘူး ၊ ညီအစ်ကို ကိုင်း ။ အဲ့ဒါ မဟုတ်ဘူး။ ’

ညီအစ်ကို ဘင့်ခ် က ပြောသည်။ ‘ ကမ္ဘာပေါ်မှာ ဘယ်နှစ်ဦးရှိသလဲ။ထောင်ပေါင်းများစွာ ရှိသလဲ ?ကျွန်တော်တို့ ရပ်နေရာမှာနေပြီး ဘုရားသခင်ရဲ့ တန်ခိုးတော် ဆင်းသက်လာပြီးထိုသို့ ပြုလုပ်သည်ကို ကြည့်လိုပါသလဲ ?’ တစ်နည်းအားဖြင့် ။ သို့သော် သူက ....... ပေတရုကဲ့သို့ ကျွန်တော့်ကို ခံစားရသည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ‘ဒီမှာနေရတာ ကောင်းပါတယ်။ တဲတော်သုံးဆောင် ဆောက်ကြပါစို့။ ’ အဲ့ဒါ မှန်ပါတယ်။

98 ၉၈။ ညီအစ်ကိုကိုင်း ၊ ခင်ဗျားကို သန့်ရှင်းသော ဝိညာဉ်တော်က ဘိသိတ်ပေးထားပါတယ်။ သင် အီ ဂျစ်ကထွက်လာပါပြီ။ ကြက်သွန်ဖြူအိုးများနှင့် လောက၏ ညစ်ညူးမှုများကိုနောက်မှာချန်ထားခဲ့ပါပြီ။ သင်က ယော်ဒန်မြစ်ကမ်းပေါ်မှာ ရပ်နေပါတယ်။ တစ်ဖက်ကမ်းကိုသွားရပါမည်။ ဘုရားသခင် သင့်ကို ပို့ ဆောင်ပါစေ။

ကြီးမြတ်တော်မူသောဘုရား ဒီမှာကိုယ်တော့်ရဲ့ဖလား ရှိပါတယ်။ သူက ထိုက်တန်သူ ဖြစ်ပါ တယ် ၊ ကိုယ်တော်။ သို့သော်ငါ၏နှလုံးသား သူနောက်ပါသွားပါသည်။ ကျွန်တော်တို့ ဆုတောင်းခြင်းများ တကယ်ပဲကျောစိမ့်လောက်အောင်ထိ ရောက်ပါသည်။ သူ့ကို ချုပ်ကိုင်ထားသောအရာ မရှိတော့ပါ။ ရိုက်ခွဲခြင်းခံရ၍ ယခု သူသည် ယော်ဒန်မြစ်ထဲ ဆင်းသွားပါပြီ။ ဂတိထားတော်မူရာမြေသို့သူ့ကို ဆောင်သွား ပါ ၊ ကိုယ်တော်။ လူတွေကြားမှာ သူ့ကို တံဆိပ်ခတ် နိုပ်တော်မူပါ။ထိုဘုန်းထင်ရှားသောနေ့မှာ ကျွန် တော်တို့ ပြန်လည်ဆုံတွေ့၍ သူ၏နွေးထွေးသော လက်များကိုခံစားရပြီး ‘ ငါ့အဖိုးတန်ညီအစ်ကို ’ ဟုဟစ်ကြွေးပါစေ။ ကျွန်တော် သိပါတယ် ........ ? ........ကိုယ်တော် ဘင့်ခ်ကို သူနှင့်အတူ ခေါ်လာပါ။ ခေါ်လာမယ် မဟုတ်လား ? ဖေဖေ ၊ မေမေနဲ့ သူတို့အားလုံး ၊ညီအစ်မတွေနှင့် ထိုမိသားစုကြီး တစ်ခုလုံး ၊ အားလုံးဆုံတွေ့ကြပါစေ။ ကိုယ်တော်သူတို့အားလုံး သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝကြပါစေ။ ယေရှုနာမ၌ ကျွန်တော်ဆုတောင်းပါတယ်။ အာမင် ။

သင်ရမှာပါ ၊ ညီအစ်ကို ။ဘုရားကောင်းကြီးပေးပါစေ ၊ ညီအစ်ကို ။ ဟုတ်ကဲ့ပါ ၊ ညီအစ်ကို ........ ? ........

99 ၉၉။ အဝေးတယ်လီဖုန်းခေါ်နေပါတယ်။ တစ်စုံတစ်ဦး သေလုမျောပါး ဖြစ်နေပါတယ်။ ကျွန်တော် ဝတ်ပြုစည်းဝေးကိုညီအစ်ကို နတ်ဗီးလ်လက်ထဲ ပြန်လည်အပ်နှံပါမယ် ........ ? ........[ ညီအစ်ကို နတ် ဗီးလ်က ပရိသတ်ကို စည်းဝေးရုတ်သိမ်းရန် ဆုတောင်းပေးပါတယ်။ ညီအစ်ကို ဘရာဟမ် ပြန်လာပြီး စကားပြောပါတယ်။ ]

တရားဟောဆရာငယ်ကလေး တရားဟောပလ္လင်တဲမှာလဲကျသွားပါသည် ........ ? ........ကျွန် တော်တို့ ယုံကြည်ခြင်း ကျောက်တုံးကို စေလွှတ်ပါသည် ........ ? ........ ဒီည မစတော်မူပါ ........ ? ........ သူကနှစ်သက်ဖွယ်လူတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော် သူ့အတွက် ဆုတောင်းပေးပါတယ်။ ယေရှုခရစ်တော်၏နာမ၌ ........ ? ........သူ့ရဲ့သွေးခုန်နှုန်းအချိန် ........ ? ........မရတော့ပါ ........ ? ........သူသွေးမခုန်တော့ပါ ........ ? ........မျက်ဖြူလှန်နေပါပြီ ........ ? ........တရားဟောစင်ထဲမှာ လဲကျသွား သည် ........ ? ........

ဒါပွင့်နေဆဲလား ? သင့်ရဲ့အလေးထားမှု ရနိုင်ပါသလား ? ........ ? ........ဧဝံဂေလိဆရာငယ် ကလေး ၊ အင်ဒီဟားနားမှ တရားဟောဆရာ တရားဟောနေစဉ် တရားဟောစင်ပေါ်မှာလဲကျသေဆုံး သွားသည်မှာ လွန်ခဲ့တဲ့ တစ်နာရီခန့်က ဖြစ်ပါသည်။ တရားဟောနေစဉ်ရှေ့သို့လဲကျ၍ တရားဟောစင် ပေါ်မှာ သေဆုံးသွားပါသည်။ လူသိများသော ဧဝံဂေလိဆရာဖြစ်၍အင်ဒီဟားနားမှာ တရားဟောခဲ့ပါ သည်။ သင်းအုပ်ဆရာ ရောက်လာပြီး ကျွန်တော့်ကိုခေါ်ပါသည်။ သူသေဆုံးသည်မှာ ဝိညာဉ်တော် ဘိသိတ်ပေးစဉ်မှာပဲ တရားဟောနေစဉ်ရှေ့သို့လဲကျ၍ မျက်ဖြူလန်ပြီး အသက်မရှူတော့ပါ။ သေဆုံးသွား သည်ဟုအတည်ပြုလိုက်ခြင်းခံရပြီး တစ်နာရီခန့်လဲလျောင်း သေဆုံးနေ ခဲ့ပါသည်။အသင်းတော်ကိုခေါ် ၍ ကျွန်တော် ဆုတောင်းပေးရန် တစ်စုံတစ်ရာက သူတို့ကို ပြောပါသည်။ကျွန်တော် ဆုတောင်း၍ သခင် ယေရှုနာမ၌ ပြန်လာရန် ဆုတောင်းပါသည်။

ယုံကြည်ခြင်းဖြင့် ကျွန်တော်နှင့်ပူးပေါင်းပြီး ပစ်မှတ်မလွဲစေရန် ဆုတောင်းကြပါ။ သို့သော် ........ ? ........ သူ့ကိုပြန်ရှင်စေပါ။ ကျေးဇူးတင်ပါတယ်။ ဘုရား သင်တို့နှင့်အတူ ရှိပါစေ။ [ တိပ်ဘားပေါ်မှာကွက်လပ် ] ဗုဒ္ဓဟူးနေ့ည ပြန်လည်ဆုံတွေ့ သည့်တိုင်အောင် ဖြစ်ပါသည်။ ရော်ဂျီယာနဲ့အနီးတစ်ဝိုက် က လာတဲ့လူတွေ နှုတ်ဆက်ပါတယ်။ ဘုရားသခင် သင်တို့နှင့်အတူ ရှိပါစေ။ညီအစ်ကို ပါစတာ ......

[ညီအစ်ကို ဘရာဟမ် ကစကားပြော၍ အခြားသူများအတွက် ဆုတောင်းပေးပါသည်။ ] ........ ကျွန်တော် ဒါကို ဆက်ကပ်ပါတယ်

........ ? ........ ယေရှုခရစ်တော်ရဲ့နာမဥ္ဆ။ အာမင် ........ ? ........[ စကားလုံးများမှာ သိပ်မသဲကွဲပါ ] သင်တို့အားလုံး အတူတကွ ရှိပါသလား ? ........ ? ........[ ညီအစ်ကို ဘရာဟာမ်က လူတွေကို နှုတ်ခွန်းဆက်ပါတယ်။ ] ကဒ်ပြားအတွက်ကျေးဇူးတင်ပါတယ်။ တွေ့ရတာ ဝမ်းသာပါတယ်။ အားလုံး ဒီမှာ ဆုံနိုင်ပါတယ် ........ ? ........ တွေ့ရတာ ဝမ်းသာပါတယ်........ ? ........အို ၊ အဲ့ဒါ မှန်ပါသလား ?[ စကားလုံးများက သိပ်မသဲကွဲပါ ] ........ ? ........တွေ့ရတာ ဝမ်းသာပါတယ်။ ကျန်းမာကြရဲ့လား ?ညီအစ်ကို နေကောင်းလား ? ဟုတ်ကဲ့။ ကျွန်တော် ........ ဘာပြောနေလဲ ? အဲ့ဒါ ကောင်းပါတယ်။ သိပ်ကြိုက်တယ်။ ယခုသူတို့မှာ အထူးနေရာ ရှိပါတယ် ........ ? ........ဒီမနက် သင် ဒီ နေရမှာ ရှိပါသလား ?........ ? ........ကောင်းပါတယ်။ ကျွန်တော် သိပ်ဝမ်းသာပါတယ်။ တကယ်ကောင်း ပါတယ် ၊ စစ္စတာ ........ ? ........ ဘုရားကောင်းကြီးပေးပါစေ။သင်နှင့် သင့်ခင်ပွန်း ၊ ကလေးငယ်များ ။ နှုတ်ဆက်ပါတယ် ၊ ဟန်နီ ။ဘုရားကောင်းကြီးပေးပါစေ ၊ ဟန်နီ ။ ကျေးဇူးတင်ပါတယ် ၊ ဆရာ ။ ကျေးဇူး တင်ပါတယ်။ကျွန်တော် သိပ်ဝမ်းသာပါတယ်။ ခင်ဗျားတို့ ဒီမှာရှိလို့ပါပဲ။ သင်တို့နှင့်အတူရှိတာကို ဝမ်းသာပြီး အတူတကွ ကိုးကွယ်ခွင့်ရတာကို နှစ်သက်ပါတယ် ........ ? ........

www.messagehub.info

ဒေသနာ ဝေငှသူ

## ဝီလီယမ်မာရီယမ် ဗရမ်ဟာမ်

‘... နေ့ရက်များ၏ ကြွေးကြော်သံ ... ’ (ဗျာဒိတ် ၁၀:၇)